# တက်တိုး

# စပ်မိစပ်ရာ



မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

# တာက်တိုး

## စပ်မိစပ်ရာ

ကာတွန်းဆရာသည် အရုပ်ကလေးများကို ရေးဆွဲ၍
အကြောင်းတစ်ခုခု၊ အချက်တစ်ခုခုကို မူတည်လျက်
"ပြောင်"လိုက်သော "ရုပ်ပြောင်"ကို ရေးဆွဲ၍ ပရိသတ်ထံ
တင်ပြကာ ပြုံးကြ ရယ်ကြစေသည်။ သူ့ရုပ်ပြောင် (ကာတွန်း)ကို
မတွေ့လိုက်ရသူတို့အားလည်း ပြန်လည်ပြောပြ၍
ဟာသအရသာကို ဝေမျှစေလိုပေသည်။

ယခုကျွန်တော်၏ "စပ်မိစပ်ရာ" ဆောင်းပါးတို့သည်လည်း
"စာပြောင်"များသာ ဖြစ်သည်။ မကျေနပ်မှုများ၊
အားမလို အားမရဖြစ်မှုများ၊ အပြစ်တင်လိုမှုများ စသည်တို့သည်
မည်သည့်ဒေသ မည်သည့် ခေတ်အခါမှာမဆို ရှိသည်သာပင်။
ထို ခံစားချက်ကလေးများသည် ရင်ထဲ၌ သိုလှောင်ထားရသည်မှာ
အိုးတိုးအင့်တင့် ဖြစ်စရာပင်။
ယင်းအပြစ်မှ ဖြေစရာသည်....

TT0008
1,500.00 KS

mgyoe.com

စပ်မိစပ်ရာ၊ တက်တိုး
မူပိုင် - ဒေါ်စိုးငြိမ်း၊ ဦးဒွေးအောင်
မျက်နှာဖုံးသရုပ်ဖော် - ဖေသစ်တည်
စာမျက်နှာ ၁၃၆ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း။ အုပ်ရေ ၅၀၀၊
၁၉၉၅ မိုးမင်းစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စပ်မိစပ်ရာ
# တက်တိုး



ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၈

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစကား | (က) |
| ၁။ | အညတရအတ္တုပ္ပတ္တိ | ၁ |
| ၂။ | အရေးမစိုက်ကြသော အရေးတစ်ခု | ၆ |
| ၃။ | ပင်ပန်းခြင်း၊ အပန်းဖြေမှု | ၁၂ |
| ၄။ | ပြောချင်တာပြော၊ လုပ်ချင်တာလုပ်၊ ဖြစ်ချင်တာဖြစ် | ၁၈ |
| ၅။ | တာဝန်မဲ့ခြင်းရဲ့ အန္တရာယ် | ၂၄ |
| ၆။ | ဒီတစ်ခါတော့ တိရစ္ဆာန်အကြောင်း ပြောကြမယ် | ၃၀ |
| ၇။ | လူကြီးနဲ့လူငယ်၊ ဆရာနဲ့တပည့် | ၃၆ |
| ၈။ | ပညာမာန–ပညာမာန–ပညာမာန | ၄၁ |
| ၉။ | ကမ္ဘာကိုသိဖို့အရေး | ၄၇ |
| ၁၀။ | ပညာဆည်းပူးမှုလိုတယ် | ၅၂ |
| ၁၁။ | နံပါတ်တစ် ကမ္ဘာ့ရန်သူစုံတွဲ | ၅၇ |
| ၁၂။ | ဘဲနာကြီး | ၆၂ |
| ၁၃။ | ကောက်ညှင်းပေါင်းစားပြီးစောင့်ကြမယ် | ၆၈ |


mgyoe.com

mgyoe.com

၁၄။ မယကဖ ၇၃
၁၅။ ခေါ်စာဈေးကျပါစေ ၈၀
၁၆။ ရေးရဲတာလား၊ ရေးရမ်းတာလား ၈၅
၁၇။ ရေးမနေပါနဲ့တော့ ၉၁
၁၈။ တက်လေ–တိုးလေ–တိုးလေ–တက်–တက်လေ ၉၇
၁၉။ ဟွန်းမှအပ ၁၀၃
၂၀။ အရမ်း–အရမ်း–အရမ်း ၁၀၈
၂၁။ အင်း–အင်း–အင်း အဲဒါခက်တာပေါ့ ၁၁၂
၂၂။ ပါလေရာဖိုးမင်း ၁၁၈
၂၃။ ဘဝင်မမြင့်နဲ့ ရှူးတတ်တယ် ၁၂၃
၂၄။ အင်း ... ခက်တာပဲ ခက်တာပဲ ၁၃၀

❇

mgyoe.com

mgyoe.com

# အမှာစကား

'ခေတ်မြန်မာ' ဂျာနယ်တွင်ပါသော 'စပ်မိစပ်ရာ' စာစဉ်အောက်၌ ရေးသော ဆောင်းပါးတို့သည် ဟာသအနွယ်ဝင်ဆောင်းပါးများဖြစ်သည်။ 'သရော်စာ' ဟုခေါ်လျှင် ရိုင်းရာကျသည်။ မခေါ်လိုပါ။ ခေါ်ဖို့မသင့်ပါ။ စပ်မိစပ်ရာဟူသည့်အတိုင်း မိတ်ဆွေတွေ ဆုံမိကြသောအခါ တစ်ယောက်က မကျေနပ်သော လေသံဖြင့် ပြောသောအကြောင်း၊ သို့မဟုတ် တစ်ယောက်က ကိုးရိုးကားရား အပြုအမူတချို့ကိုမြင်၍ ပြုံး၍ မဲ့၍ ပြောသောအကြောင်း၊ သို့တည်းမဟုတ် တစ်ယောက်က အားမလို အားမရ ဖြစ်၍ ပြောသည့်အကြောင်း … ယင်းသို့လျှင် အမျိုးမျိုးသော အကြောင်းတို့ထဲမှ တစ်ကြောင်းကိုဖြစ်စေ၊ တစ်ကြောင်းမက အကောင်းမျိုးစုံကို ဖြစ်စေ ကြိုတင်ရည်ရွယ်ခြင်း မရှိဘဲ စပ်မိသဖြင့် စပ်ရာကို ပြောကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။

ယင်းသို့ စပ်မိစပ်ရာ ပြောကြခြင်းသည် ကမ္ဘာအရပ်ရပ်တွင် ရှိသည်သာပင်။ ကျွန်တော်တို့လည်း မိတ်ဆွေတစ်ယောက်နှင့်ဖြစ်စေ၊ တစ်ယောက်မကတို့နှင့် ဖြစ်စေ တွေ့ကြဆုံကြ ပြောဆိုကြသည့် အကြောင်း

mgyoe.com

mgyoe.com



ရုပ်ထဲမှ တစ်ခုခုကို 'စိတ်တွေ့'သဖြင့် စာဖတ်သူများအား ပြန်၍ပြောသည့် ဆောင်းပါးများပင် ဖြစ်သည်။ ယင်းသို့သော ဆောင်းပါးတို့၌ အာဃာတ ကင်းပေသည်။ မည်သူ့ကိုမျှ ပုတ်ခတ်လိုသော မကောင်းသော ဆန္ဒမရှိ။ တစ်ဦးတစ်ယောက်ကို ပုဂ္ဂိုလ်အနေဖြင့် အပြစ်ဖို့လိုသော စိတ်ထားလည်း မရှိ။ အနည်းငယ်လွဲမှားနေသော အကြောင်းအချက်များကို ဖော်ပြ၍ ရေးသူရော၊ ပြောသူရော၊ ဖတ်သူရော၊ အပြောခံရသူရော အားလုံးရော၍ ရယ်မောကြရန် ရည်ရွယ်ချက်ကို ဦးတည်ထားပေသည်။

ကာတွန်းဆရာသည် အရုပ်ကလေးများ ရေးဆွဲ၍ အကြောင်း တစ်ခုခု၊ အချက်တစ်ခုခုကို မူတည်လျက် 'ပြောင်'လိုက်သော 'ရုပ်ပြောင်' ကို ရေးဆွဲ၍ ပရိသတ်ထံတင်ပြကာ ပြုံးကြရယ်ကြစေသည်။ သူ့ရုပ်ပြောင် (ကာတွန်း) ကို မတွေ့လိုက်ရသူတို့အားလည်း ပြန်လည်ပြောပြ၍ ဟာသ အရသာကို ဝေမျှစေလိုပေသည်။ ယခု ကျွန်တော်၏ 'စပ်မိစပ်ရာ' ဆောင်းပါးတို့သည်လည်း 'စာပြောင်' များသာဖြစ်သည်။ မကျေနပ်မှု များ၊ အားမလို အားမရ ဖြစ်မှုများ၊ အပြစ်တင်လိုမှုများ စသည်တို့သည် မည်သည့်ဒေသ၊ မည်သည့်ခေတ်အခါမှာမဆို ရှိသည်သာပင်။ ထိုခံစား ချက်ကလေးများသည် ရင်ထဲ၌ သိုလှောင်ထားရသည်မှာ အိုးတို့အင့်တင့် ဖြစ်စရာပင်။ ယင်းအဖြစ်မှ ဖြေစရာသည် ပိတ်ထားသောအခန်း၊ ပိုက် လုံး စသည်တို့၌ ထွက်ပေါက်ရှိသလို ရုပ်ပြောင်စာပြောင်တို့သည်လည်း ထွက်ပေါက်ကလေးများ ဖြစ်ပေသည်။ ပြုံးလိုက် ရယ်လိုက်လျှင် တင်း ကျပ်မှုကလေးများ ပြေပျောက်၍ အဆင်ပြေသွားလေတော့သည်။

အာဃာတကို ရင်ဝယ်ပိုက်လျက် ပြင်းထန်စွာ ပြောပစ်လိုက်ခြင်း သည် လူ့အဖွဲ့အစည်း၌ မလိုလားအပ်သော အခြင်းအရာဖြစ်သည်။ ပြောင်စေ၊ ပျက်စေဟူသော သဘောဖြင့် ထွက်ပေါက်ပေးလိုက်လျှင် ပြေစရာ ပျော်စရာအဖြစ်သို့ ရောက်ပေလိမ့်မယ်။ စာပြောင်ကို အင်္ဂလိပ်လို

mgyoe.com

mgyoe.com



'ဆက်တိုင်းယား' (Satire)ဟုခေါ်သည်။ ယင်းနှင့်ပတ်သက်၍ ရှေးခေတ် အင်္ဂလိပ်ကဗျာဆရာကြီး ဒရိုင်းဒဲန် (Dryden) က ဤသို့ဆို၏။

SATIRE : The end of satire is the anendement of vice by correction, and he who writes honestly is no more an enemy to the offender than the physician is to the patient, who prescribes harsher remedies.

**_John Dryher.**

စာပြောင် ။ ။ စာပြောင်၏ နောက်ဆုံးရည်ရွယ်ချက် (အဓိက ရည်ရွယ်ချက်)သည် မကောင်းမှုများကို အမှားပြင်မှုကို ပြုပြင်ပေးခြင်းပင်ဖြစ်၏။ စာပြောင်ကို ရိုးသားစွာ ရေးသားသူမှာ လူနာအား ဆေးကြမ်းပေး၍ ကုသသော ဆရာဝန်သည် လူနာ၏ ရန်သူ မဟုတ်သလိုပင် အပြစ်ပြုသူ၏ ရန်သူမဟုတ်ပေ။

– ဂျွန်ဒရိုင်းဒဲန်

ဤဆောင်းပါးများကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေခွင့်ပေးသော 'ခေတ်မြန်မာ' ဂျာနယ်ထုတ်ဝေသူနှင့် တာဝန်ခံ အယ်ဒီတာတို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တက်တိုး

❈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အညတရအတ္ထုပ္ပတ္တိ

"ဆရာကြီးဆီ မရောက်တာကြာပါပြီ။ အခု ကျွန်တော်တို့ တက္ကသိုလ်ကျောင်း နွေရာသီအတွက် တစ်လပိတ်လိုက်လို့ ဆရာကြီးဆီ လာပါတယ်"

"အေးကွယ်၊ လာပါ။ ကြိုဆိုပါတယ်။ လူကြီးတချို့က လူငယ်တွေနဲ့ မတွေ့ချင်ကြဘူး။ တချို့ကတော့ လူငယ်တွေနဲ့ တွေ့ချင်တယ်။ လူကြီးချင်းချင်းတော့ သိပ်မတွေ့ချင်ကြဘူး။ ငယ်သူငယ်ချင်းတွေကိုတော့ တွေ့ချင်တာပေါ့။ ပြောမနာ ဆိုမနာမို့ တွေ့ရတာပျော်တယ်။ ခပ်စိမ်းစိမ်း လူကြီးတွေကိုတော့ တွေ့ရမှာ သိပ်စိတ်မပါချင်ဘူး"

"မှန်ပါတယ် ဆရာကြီး၊ ဒါကြောင့်မို့လည်း ကျွန်တော်တို့ ဆရာကြီးဆီလာပြီး ပြောဆိုဆွေးနွေးရင်း ပညာယူကြတာပေါ့။ ဒါနဲ့ခင်ဗျာ ကျွန်တော် ဆရာကြီးကို ပြောပြချင်ပါတယ်။ ကျွန်တော်ဟာ စာပေတွေထဲမှာ အတ္ထုပ္ပတ္တိစာပေကို မလွတ်တမ်းဖတ်ပါတယ်။ ရှေးခေတ်က ကမ္ဘာကျော်ကြီးတွေ အတ္ထုပ္ပတ္တိတွေကို အတော်များများ ဖတ်ဖူးပါပြီ။ အခု မနေ့တစ်နေ့တုန်းက အင်္ဂလိပ် အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ် ဖတ်မိပါတယ်။ စာအုပ်နာမည်က An Ordinary Life တဲ့"

mgyoe.com

mgyoe.com


"ဟာ ... ဆရာလည်း အဲဒီစာအုပ်ကို ငယ်ငယ်က ဖတ်ဖူးပါတယ်။ အညတရတစ်ဦးရဲ့ သာမန်ဘဝအကြောင်းပဲလေ။ အဲဒီစာအုပ်ပဲလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"စာအုပ်ထဲမှာ ဘာတွေရေးထားတယ်ဆိုတာတော့ ဆရာ မမှတ်မိတော့ဘူး။ ဦးတည်ချက်က မထင်မရှား လူတစ်ယောက်ရဲ့ ဘဝဟာလည်း သူ့အလျောက် သူ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဘဝ အကြောင်းခြင်းရာတွေ ပါတယ်။ အညတရဘဝမှာ ဘယ်လောက်ရုန်းကန်ရတယ်၊ ဘယ်လိုပြဿနာမျိုးတွေ တွေ့တယ်။ အညတရတွေရဲ့ အခန်းကဏ္ဍဟာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စတဲ့ အရေးကြီးတွေမှာ ဘယ်လောက် ကျယ်ပြန့်ထိရောက်တယ်ဆိုတာတွေကို အညတရတစ်ယောက် အနေနဲ့ ရိုးရိုးအေးအေးကလေး ရေးထားတာပဲ။ ဖတ်လို့ကောင်းတယ်။ ပညာရတယ်"

"ဆရာကြီးပြောတဲ့ စာအုပ်ပါပဲ"

"အညတရဆိုတဲ့ သာမန်လူသားတွေဟာ လူ့လောကမှာ အများစု ဖြစ်တယ်။ ခေါင်းဆောင်လုပ်တဲ့လူတွေဟာလည်း အညတရတွေထဲက ထူးချွန်ပြီး ထွက်လာကြတယ်။ တချို့ကတော့ ထူးချွန်လှတယ်လို့တော့ မဟုတ်ပါဘူး။ အကြောင်းအလှည့်သင့်လို့ ခေါင်းဆောင်ပိုင်း ရောက်သွားကြတယ်။ ခေါင်းဆောင်တိုင်း တော်လို့တော့ မဟုတ်ဘူး။ တော်တဲ့လူတိုင်းလည်း ခေါင်းဆောင် မဖြစ်ဘူးကွယ့်။ တော်လည်းတော် ကံလည်း ကောင်းလို့ ခေါင်းဆောင်ဖြစ်မှ တကယ် ခေါင်းဆောင်ကောင်း ဖြစ်တာပေါ့။"

"သဘောပေါက်ပါတယ် ဆရာကြီး။ တကယ်တော့ တကယ်တော်တာက လူထုထဲက ထွက်လာတာ။ လူထုရဲ့ ပင်ကိုပညာဟာ အင်မတန်ကြီးမားတယ်။ ဓလေ့ထုံးစံတွေ၊ ဆိုရိုးစကားတွေ၊ နီတိတွေဟာ လူထုထဲက ထွက်လာတာ။ အဲဒါတွေကို စာရေးဆရာတွေ၊ သုတေသီတွေက

mgyoe.com

mgyoe.com


စာရေးပြီး မှတ်တမ်းတင်ကြတယ်။ အညာတရပဟာ အင်မတန် စိတ်ဝင်စား စရာ ပုဂ္ဂိုလ်ပါပဲ။ ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေ၊ နာမည်ကျော် နာမည်ကြီးတွေ က လူတိုင်း ဂရုစိုက်ပြီး လေ့လာနေကြလို့ တကယ်တော့ သိပ် မထူး ပါဘူး။ သူတို့အကြောင်းကို သမိုင်းသုတေသနဌာနတွေ၊ မော်ကွန်းတိုက် တွေမှာ ရှိပြီးသားပဲ"

"ဟုတ်တာပေါ့ မောင်မြင့်တင်။ အမိကရ ပုဂ္ဂိုလ်ကြီးတွေ အတ္ထုပ္ပတ္တိ တွေဟာ အများပိုင်ပစ္စည်းတွေပေါ့။ အညာတရတစ်ယောက်ရဲ့ ဘဝရုန်း ကန်မှု၊ သူ့ပြဿနာတွေ၊ သူ့ဒုက္ခ သုခတွေကို မသိကြဘူး။ သိလည်း မသိချင်ကြဘူး စိတ်မဝင်စားဘူး။ ဒါပေမဲ့ အညာတရတစ်ယောက်အ ကြောင်း အတ္ထုပ္ပတ္တိကို ရေးတတ်သူတွေက ရေးပြလိုက်ရင် သိပ်ပြီး ဖတ်လို့ကောင်းတယ်။ ဘဝသင်ခန်းစာတွေ ယူတတ်ရင် ရတယ်။ တကယ်တော့ ဝတ္ထုတွေဟာ အညာတရတွေရဲ့ အတ္ထုပ္ပတ္တိတွေပေါ့။ တချို့ ဟာ တကယ့်အဖြစ်အပျက်ကို အရင်းတည်ပြီး ဝတ္ထုဖြစ်အောင် ရေး လိုက်တော့ ကမ္ဘာကျော် ဂန္ထဝင်ဝတ္ထုကြီးတွေ ဖြစ်သွားတာပေါ့"

"ဟုတ်ပါတယ် ဆရာကြီး၊ ဆရာကြီးကတော့ အညာတရကို သိပ် ပြီး ခင်မင် လေးစားပါတယ်။ ကျွန်တော်တို့ သိကြပါတယ်။ ဆရာကြီး ရဲ့ ဘဝမှတ်တမ်းဖြစ်တဲ့ *'အညာတရ ဘဝရှုခင်း'* စာအုပ်ဟာ အညာတရ တစ်ဦးရဲ့ အတ္ထုပ္ပတ္တိ ဖြစ်ပါတယ်။ ဒါနဲ့ ပြောရဦးမယ်။ ကျွန်တော့် ဦးလေးတစ်ယောက်ဟာ တပ်မတော်သား အငြိမ်းစားကြီး တစ်ယောက် ပါ။ သူ့မှာ အတွေ့အကြုံတွေ တော်တော်များပါတယ်။ ကျွန်တော်နဲ့ တွေ့တိုင်း သူ့ရှေးဟောင်း နှောင်းဖြစ်တွေ ပြောပြောပြတယ်။ သိပ် စိတ် ဝင်စားစရာ ကောင်းတာပဲ။ ရိုးရိုးသားသားနဲ့ သစ္စာရှိရှိ တာဝန်သိသိ ရဲဘော်တစ်ဦးအဖြစ်နဲ့ ပြည်သူတွေကို ပြည်တွင်းပြည်ပရန်တွေက ကင်း အောင် ကြိုးစားကာကွယ်ပေးတဲ့ ပြည်သူ့တပ်မတော်သားတစ်ယောက်

mgyoe.com

mgyoe.com


အနေနဲ့ တိုက်ပွဲတွေ အများကြီး ဝင်ခဲ့ပါတယ်။ စည်းကမ်းရဲ့ တန်ဖိုး အကြောင်း ကောင်းကောင်းကြီး သိပေတယ်။ တာဝန်ကို စေတနာအရင်း ခံပြီး ဆောင်ရွက်လို့ ပြီးမြောက်အောင်မြင်တိုင်း ကျေနပ်မှုရတာကိုလည်း သိပါတယ်။ တာဝန်ထမ်းဆောင်နေရင်း ကိုယ်ရေးကိုယ်တာ ကိစ္စကလေး တွေကို ဆောင်ရွက်ရာမှာ အလုပ်တာဝန်အတွက် ကိုယ်ကျိုးကို မငဲ့နိုင်ဘဲ စီမံလုပ်ဆောင်ရတာတွေဟာ တကယ်တော့ မထူးခြားပါဘူး။ သာမန် ပါပဲ။ ဒါပေမဲ့ ဘဝသင်ခန်းစာ ရနိုင်ပါတယ်။ အဲဒါတွေကို သူ့အကြောင်း ပြောပြမှ သိရပါတယ်"

"အဲဒါ အရသာပေါ့။ လူဆိုတာ အတွေ့အကြုံကို စိစစ်ဝေဖန်ပြီး ဘဝပညာ ယူရတာပဲ။ တစ်ယောက်တည်းရဲ့ အတွေ့အကြုံတွေနဲ့ မလုံ လောက်ဘူး။ သူတစ်ပါးရဲ့ အတွေ့အကြုံတွေကို နာယူဆည်းပူးနိုင်မှ ကိုယ့်ဘဝ ပြည့်ဝမှာပေါ့။ ကျုပ်တို့တစ်တွေ ဘာကြောင့် စာတွေဖတ် ကြသလဲ။ အဲဒီလို အတွေ့အကြုံတွေကို ဆည်းပူးဖို့ပေါ့။ အတွေ့အကြုံ ဟာ အမျိုးစုံတယ်လေ။ ရွှေကျင်သလိုပေါ့။ သဲတွေကို သဲ့သဲ့ပြီး ကျင် တော့ ရွှေမှုန်ကလေးတွေ ရတယ်မဟုတ်လား။ အဲဒီအတိုင်းပဲဆိုပါတော့။ စာတွေဖတ်တာ လူတွေရဲ့ အတွေ့အကြုံတွေ၊ ခံစားချက်တွေ၊ ပြဿနာ တွေ အားလုံးကို သိချင်လို့ပဲပေါ့။ သိရသမျှထဲက ပညာကို ကျင်ယူရမှာ ပဲ။ သဲတွေ အမှိုက်တွေ ဖယ်ပစ်သလို မလိုတဲ့ အကြောင်းခြင်းရာတွေကို မေ့ဖျောက်ပစ်ပြီး အဖိုးတန်တဲ့ ထူးခြားချက်တွေကို စံအဖြစ်ယူရတယ်။ အဲဒါ ဘဝပညာပေါ့"

"မှန်ပါတယ်ဆရာကြီး။ ကျွန်တော့်ဦးလေးကို ပြောရမယ်။ ဦးလေး ရဲ့ အတ္ထုပ္ပတ္တိကို ရေးစမ်းပါလို့။ ဦးလေးက စာသိပ်ဖတ်တယ်။ စာရေး တာတော့ သိပ်မသွက်ဘူးပေါ့။ စာရေးဆရာမှ မဟုတ်ဘဲကိုး။ ကျွန်တော် ကတော့ သူ့အကြောင်း အတ္ထုပ္ပတ္တိကို ရေးတတ်သလိုရေးပါ၊ စိတ်ထဲ

mgyoe.com

mgyoe.com


ရှိသလို ရေးချပါ၊ ဦးလေး အခု ကျွန်တော့်ကို ပြောပြတဲ့အတိုင်း ရေးရင်ပဲ တော်ပြီ၊ မနှောင့်နှေးပါနဲ့၊ ပြီးရင် ဦးလေးရဲ့စာမူကို ကျွန်တော်တို့ဆရာကြီး ပြကြည့်ပါမယ်လို့ ပြောထားတယ်။ သူလည်း အခု ရေးနေပါပြီ"

"ကောင်းတာပေါ့။ အညတရ အတ္ထုပ္ပတ္တိတွေ များများပေါ်စေချင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်ကွယ်"

❊

mgyoe.com

mgyoe.com

# အရေးမစိုက်ကြသော အရေးတစ်ခု

"သူငယ်ချင်း ... မင်း လမ်းမလျှောက်တာ တစ်ပတ်လောက် ရှိသွားပြီ၊ ဘာဖြစ်လို့လဲ"

"တစ်ပတ်တော့ မရှိပါဘူး။ မှတ်မှတ်ရရ သုံးရက်ပါ။ အကြောင်းကတော့ မမျှော်လင့်ဘဲ ဝမ်းပျက်လို့'

"ဝမ်းပျက်တာ အသက်ကြီးသူတွေအဖို့ အားနည်းတယ်။ မင်း ဘာများ စားမိလို့လဲ"

"စားနေကျတွေပဲ စားတာပါ။ ဘယ်အကြောင်းရယ်လို့တော့ မဆိုတတ်ပါဘူး။ ဆရာဝန်ကတော့ အစာတစ်ခုခုမှာ ဝမ်းလျှောဝမ်းကိုက်ပိုးပါလာလို့ ဖြစ်တာတဲ့။ အဲဒီလိုပါလာလို့ ဖြစ်တာက အစားမှားလို့ မဟုတ်ဘူးတဲ့။ အင်ဖက်ခ်ရှင်း (ရောဂါပိုးဝင်လို့) ဖြစ်တာတဲ့။ ဝမ်းအရေတွေသွားပြီး ဖြူဖပ်ဖြူရော် အရောင်ရှိတယ်လို့ ငါကပြောတော့ ဆရာဝန်က အဲဒီလို ပြောတယ်။"

"အစာထဲမှာ ပိုးပါလို့ဖြစ်တယ်ဆိုတော့ မင်းစားတဲ့ အစာအထဲမှာ အစာတစ်ခုခုက မသန့်လို့ ဖြစ်မှာပေါ့"

mgyoe.com

mgyoe.com


"ဟုတ်တယ်၊ ဆရာဝန်က အဲဒီလိုပဲပြောတယ်။ လမ်းဘေးမှာချရောင်းတဲ့ မုန့်တစ်ခုခု ပါလာတဲ့ ပိုးတွေကြောင့်ပဲဖြစ်တယ်။ ဒီလိုကွ၊ ငါ့မှာ အခု အသက်ကြီးတော့ ခဏခဏ ဝမ်းဟာတတ်တယ်။ အိမ်မှာနေရင်းထိုင်ရင်းတောင် သုံးလေးနာရီလောက်မှာ ဝမ်းဟာတယ်။ ငယ်ငယ်တုန်းကလို အစားအသောက် အဝအလန် မစားဘဲ ချင့်ချိန်စားတော့ ဝမ်းဟာတဲ့ အချိန်ဟာ တိုတာပေါ့"

"မင်းမှာ အစာကြေစေတဲ့ ဝမ်းမီးကောင်းလို့ပေါ့"

"ဟုတ်မှာပေါ့။ ဝမ်းဟာရင် လေထလာရော။ ငါက ငယ်ငယ်ကတည်းက လေထတတ်တယ်။ တစ်ခါတလေ တစ်နေ့ကုန် လေထတတ်တယ်။ အခုလို အသက်ကြီးတော့ ဝမ်းဟာရင် လေထတယ်။ လေထရင်မူးနောက်နောက် ဖြစ်တယ်။ အစာတစ်ခုခု အမြန်စားထားလိုက်ရတယ်။ ငါ မနက်မနက် လမ်းလျှောက်ရာမှာ လမ်းမှာပဲ ဝမ်းဟာလို့ လေထပြီးမူးနောက်နောက် ဖြစ်တတ်လို့ ကြုံရာမုန့်တစ်ခု လမ်းဘေးမှာ ဝယ်စားလိုက်ရတယ်။ ငါတော့ တစ်နေ့ကဖြစ်တဲ့ ဝမ်းလျှောတာဟာ လမ်းဘေးက ဘိန်းမုန့်တစ်ချပ် ဝယ်စားလိုက်မိလို့ပဲလို့ ထင်မိပါတယ်"

"ဖြစ်နိုင်တယ်။ လမ်းဘေးက ဆိုင်ကလေးတွေမှာ စားစရာတွေကိုဖုံးအုပ်ထားတယ်လို့ မရှိတော့ ဖုန်တွေဝင်တာပေါ့။ ပြီးတော့လည်း အစားအသောက်တွေကို ရောင်းသူက လက်နဲ့ကိုင်လိုက်၊ ဝယ်သူက လက်နဲ့ကိုင်လိုက်နဲ့ လက်နဲ့ ရွေးယူတတ်ကြတော့ ကျန်ခဲ့တဲ့မုန့်တွေဟာ လူတွေလက်နဲ့ ကိုင်ပြီးသားတွေ ဖြစ်နေတာပေါ့။ အဲဒီတော့ ရောဂါပိုးတွေပါလာနိုင်တာပေါ့"

"အေးကွာ၊ ငါတို့တစ်တွေမှာ သန့်ရှင်းမှု အကျင့် အတော်နည်းသေးတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ဆိုင်တွေ၊ မုန့်ဆိုင်တွေ၊ အစားအသောက် အမျိုးမျိုးဆိုင်တွေ၊ အဲဒီဆိုင်တွေက အစားအစာတွေမှာ ရောဂါ

mgyoe.com

mgyoe.com

ပိုးတွေ ဝင်ကြမှာပေါ့။ အလှည့်သင့်ရင် တော်ပါသေးရဲ့။ မသင့်ရင်တော့ ရောဂါ ဖြစ်တော့တာပေါ့။ အများအားဖြင့် ဝမ်းနဲ့ဆိုင်တဲ့ ရောဂါဖြစ်တယ်"

"ဟုတ်တယ်၊ တို့တစ်တွေအားလုံးမှာ သန့်ရှင်းမှု အလေ့အကျင့် အားကောင်းဖို့ လိုသေးတယ်။ လမ်းဘေးဆိုင်ကလေးတွေ မပြောနဲ့။ ဆိုင်ကြီးတွေ၊ ထမင်းဆိုင်ကြီးတွေ၊ လက်ဖက်ရည်ဆိုင်ကြီးတွေမှာတောင် သန့်ရှင်းမှု နည်းသေးတယ်။ နာမည်ကြီးဆိုင်တွေမှာ ပန်းကန်တွေ မသန့်ရှင်းတာ မြင်ရတယ်။ ပန်းကန်ဆေးမှုမှာ တော်စွလျော်စွ လုပ်ကြတာတွေ့ရတယ်။ ငါတွေ့တာ များပါပြီ။ အစားအသောက်ဆိုင်ကြီးတွေ လက်သုတ်ပဝါတွေ ဆိုပါတော့။ သန့်သန့်ရှင်းရှင်း မရှိဘူး။ တကယ်တော့ကွာ လက်သုတ်ပဝါတွေကို နေ့တိုင်းလျှော်ပြီး အဆက်မပြတ် သန့်သန့်ရှင်းရှင်းတွေကို ချထားပေးဖို့ ကောင်းပါတယ်။ အခုတော့ ဘယ်ဟုတ်မလဲ။ သူတို့ လက်သုတ်ပဝါတွေကို သုတ်ရင် ကိုယ်လက်ပိုပြီး ညစ်ပတ်သွားတယ်။ ကိုင်ချင်စရာ မကောင်းဘူး"

"ဟုတ်တယ်၊ ဆိုင်တွေမှာ ပန်းကန်တွေ၊ စားပွဲတွေ၊ လက်သုတ်ပဝါ အစရှိတဲ့ စားသောက်သူတွေအဖို့ ပစ္စည်းတွေကို နေ့စဉ် လျှော်ဆေးပြီး ထည့်လဲထားပေးဖို့ သင်တယ်။ ပြီးတော့ ရှိသေးတယ် ... တချို့ဆိုင်တွေမှာ စားပွဲပေါ်မှာရှိတဲ့ အချဉ်ရည်ပုလင်းတွေ၊ ဆားပုလင်းတွေ၊ ငရုတ်ကောင်းပုလင်းတွေ အဲဒါတွေဟာ ညစ်ပတ်နေတာပဲ"

"အေး ဟုတ်ပါတယ်။ အပြစ်ပြောနေတာ မဟုတ်ပါဘူး၊ သတိပေးနေတာပါ။ အရေးအကြီးဆုံးဟာ အစားအသောက်ဆိုင်တွေပဲ။ သူတို့ မသန့်ရှင်းရင် ကူးစက်ရောဂါတွေ ပျံ့နှံ့နိုင်တာပေါ့။ ဟာ ... ပြောင်ပြောင်ပြောရင် တို့တစ်တွေဟာ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုတာကို သာမန်စကားလောက်ပဲ သဘောထားကြတာ

mgyoe.com

mgyoe.com

များပါတယ်။ ဟုတ်တာပြောရင် ပြောတဲ့လူ အပြစ်ပဲဖြစ်မှာ”

“ဒါပေါ့ကွာ။ တို့က အရင့်အရင်ကတည်းက သန့်ရှင်းရေးကို သိပ်ဂရုမစိုက်ဘူး။ ငါ တစ်ခါက ထမင်းစားရင် လက်နဲ့ မစားဘဲ ဇွန်းခက်ရင်းနဲ့ စားရင် သန့်ရှင်းရေးအတွက် ကောင်းမယ်လို့ ဆိုလိုက်မိတာနဲ့ တချို့က ငါ့ကို ဝိုင်းပြောကြတယ်။ နိုင်ငံခြားဆန်သလေး ဘာလေးနဲ့ပေါ့။ ငါသိရသလောက်မှာ အစားအသောက်တွေကို လက်နဲ့ကိုင်စားတဲ့ လူမျိုးတွေဟာ နည်းနည်းလောက်ပဲ ရှိတော့တယ်။ ငါတို့ အိမ်နီးချင်းနိုင်ငံသားတချို့လောက်လို့ပဲ ထင်မိတယ်။ တခြားလူမျိုးတွေတော့ ဇွန်းခက်ရင်းနဲ့ စားကြတယ်။ ဒါမှမဟုတ်ရင်လည်း တူနဲ့စားကြတယ်။ ဆင်းရဲချမ်းသာမရွေး စားကြတာတွေ့ရတယ်။ တူနဲ့စားတဲ့ လူမျိုးတွေဟာ ဝါးတံကလေးတွေကို တူလုပ်ပြီး စားကြတယ်”

“ဟုတ်ပါတယ်။ လက်နဲ့စားတာဟာ လက်မှာ ဟင်းအနံ့ စွဲကျန်ခဲ့တယ်။ ဘယ်လောက်ပဲ ရေဆေး ဆပ်ပြာတိုက်ပေမဲ့ ဟင်းနံ့ ကျွဲနံ့တော့ မစင်ပါဘူး။ ပြီးတော့ စားရာမှာလည်း မသပ်ရပ်ဘူး။ ဟိုရှေးကဒေါင်းလန်းကြီးထဲ ထမင်းဟင်းထည့်ပြီး အားလုံး ဝိုင်းနှိုက်စားကြသတဲ့။ လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပိုချစ်ကြတယ် ဆိုတာပဲ”

“ဟိုတုန်းကတော့ ထမင်းလက်ဆုံ စားတယ်ဆိုတာ ရင်းနှီးတဲ့လက္ခဏာ ဖြစ်တာပေါ့။ ဒါပေမဲ့ ခေတ်ဆိုတာ ခေတ်ပဲ။ ဟိုခေတ်က တချို့ဟာတွေ အခုခေတ်မှာ ကာလအလျောက် မသင့်တော့ဘူးပေါ့။ အနေအထိုင် အစားအသောက်မှာ တစ်ခေတ်နဲ့ တစ်ခေတ် မတူနိုင်ဘူး။ တူဖို့လည်း မလိုပါဘူး။ အတွေးအမြင်တွေလည်း ပြောင်းနေပြီ မဟုတ်ပါလား။ သန့်ရှင်းရေးဆိုတာ ရှေးခေတ်တုန်းကသာ သာမန်ကိစ္စပဲ။ အခုတော့ အခြေအနေအရ အင်မတန် အရေးကြီးလာပြီ ဆိုရမယ်။ ပတ်ဝန်းကျင် သန့်ရှင်းခြင်းဖြစ်အောင် တစ်ကိုယ်ရေသန့်ရှင်းမှုက စရ

mgyoe.com

mgyoe.com


မှာပေါ့။ သန့်ရှင်းရေးစိတ်ဓာတ် ထက်သန်အောင် လေ့ကျင့် မွေးမြူသင့် ပြီပေါ့"

"ရိုးရာဆိုတာ ကောင်းပါတယ်။ ထိန်းသိမ်းရမှာပါပဲ။ ဒါပေမဲ့ ခေတ်ကာလအလျောက် တချို့ ရိုးရာဓလေ့တွေကို ပင်ကိုအနှစ်သာရ မပျက်စေဘဲ ပြုပြင်ကျင့်သုံးဖို့တော့ လိုပါတယ်"

"ရိုးရာကို ခေတ်မီတဲ့ အတွေးအခေါ် အယူအဆတွေနဲ့ ထိန်းသိမ်း ရပေမယ်။ ဒီလိုမှ ပြုပြင်သင့်တာ ပြုပြင်ပြီး မထိန်းသိမ်းဘဲ အရင်က အတိုင်းချည်း ထားနေလို့ ရိုးရာဓလေ့ထုံးစံတွေကို ခေတ်လူတွေက စိတ် ပါဝင်စားမှာ မဟုတ်ဘူး"

"လူငယ် လူရွယ် ရိုးရာဓလေ့တွေကို စိတ်ဝင်စားကြဖို့ တကယ် လိုတာ။ စိတ်မဝင်စားရင် ရိုးရာ ပျောက်ကွယ်သွားကြလိမ့်မယ်၊ သမိုင်း အဆက်ပြတ်သွားမယ်။ လူမျိုးတိုင်းမှာ သမိုင်း အဆက်မပြတ်အောင် လုပ်ဖို့ တာဝန်ရှိတယ်။ ယဉ်ကျေးမှုဟာ ရိုးရာဓလေ့တွေပေါ်မှာ တည် တယ်။ အဲဒါ ပျောက်ပျက်ရင် တခြားက ယဉ်ကျေးမှု သရုပ်ပျက်တွေ ဝင်လာမယ်။ ကိုယ့်အမျိုးဂုဏ်ကို ထိန်းသိမ်းရာမှာ သမိုင်းစဉ် မပြတ်ဖို့ ယဉ်ကျေးမှုနဲ့ ရိုးရာအစဉ်အလာတွေ ထိန်းသိမ်းဖို့အင်မတန် လိုတယ်"

"ဟုတ်တာပေါ့၊ တခြားနိုင်ငံသားတွေ ကြည့်ပါလား။ သူတို့ရိုးရာ ယဉ်ကျေးမှုကို အမြဲသတိရကြတယ်။ နှစ်စဉ် ရိုးရာပွဲတော်တွေ ကျင်းပ ကြတယ်"

"ကဲ ဒါတွေထားပါဦး။ သန့်ရှင်းမှု အကျင့်ကလေး ဖွံ့ဖြိုးရေး အကြောင်း နည်းနည်း ဆက်ပြောကြစို့။ သန့်ရှင်းမှုဟာ ကျန်းမာရေး အတွက် အရေးပါတယ်။ ယဉ်ကျေးမှုမှာလည်း အထောက်အပံ့ဖြစ်စေ တယ်။ အခုခေတ်မှာ တစ်ကမ္ဘာလုံးက အညစ်အကြေးတွေ သုတ်သင် ရေး၊ မြေ ရေ လေ ညစ်ထေးမှုတွေ လျှော့နည်းနိုင်သလောက် လျှော့

mgyoe.com

mgyoe.com

နည်းနိုင်ဖို့ ကြိုးစားနေကြတယ်။ ဒီလိုမှ မလုပ်ရင် နောင်ရေးမလှဖြစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး အမှိုက်ပုံကြီး ဖြစ်သွားလိမ့်မယ်"

"သန့်ရှင်းရေးမှာ အစက တစ်ကိုယ်ရေ သန့်ရှင်းမှု ဖြစ်တယ်။ ကျောင်းတွေမှာ ကလေးတွေကို သန့်ရှင်းမှုအကျင့်ရအောင် လုပ်တယ်လို့ ဆိုတာပဲ။ ဒါပေမဲ့ သိပ်မထိရောက်ပါဘူး။ ကြည့်လုပ်ကြဦးမှဖြစ်မယ်။ ကလေးသူငယ်တွေကစပြီး လူကြီးတွေအထိ ငါတို့ရဲ့ ရိုးရာညစ်ပတ်မှု အကျင့်တွေ ပျောက်အောင် လုပ်ကြရလိမ့်မယ်။ သန့်ရှင်းရေးမှာ သန့်ရှင်းကျင့်၊ သန့်သန့်ရှင်းရှင်း နေတတ်ဖို့ တစ်ပိုင်တစ်နိုင် သန့်ရှင်းရေး လုပ်ငန်းကလေးတွေ အမြဲမပြတ်သွားရင်း ဟန်လွှဲဆိုသလို လုပ်လေ့ ရှိကြဖို့ တစ်မျိုးသားလုံး အရေးအဖြစ် လုပ်ကြဖို့ လိုပါတယ်"

"အဲဒါ မင်းက ဘယ်လိုစပြီး လှုံ့ဆော်မှာလဲ"

"ငါကတော့ စာရေးဆရာဆိုတော့ ဆောင်းပါးတွေရေးပြီး လှုံ့ဆော် ရမှာပေါ့"

"မင်း ဆောင်းပါးတွေကို ဟို လက်ဖက်ရည်ဆိုင်၊ အစားအသောက် ဆိုင်၊ လမ်းဘေးဆိုင်တွေက လူတွေ ဖတ်မှာတဲ့လား"

"အေး ... အဲဒါတော့ ငါမသိဘူး။ တို့တစ်တွေကတော့ ဆော်ဩ ရမှာပဲ။ တိုက်တွန်းရမှာပဲ။ အဲဒါ တို့တာဝန်ပဲပေါ့။ တဖြည်းဖြည်းတော့ ဖြစ်လာမယ်လို့ မျှော်လင့်ရတာပါပဲကွာ"

❋

mgyoe.com

mgyoe.com

# ပင်ပန်းခြင်း အပန်းဖြေမှု

"မောင်ရင်တို့၊ လာကြ ... လာကြ၊ မရောက်လာတာ အတော်ကြာပြီ"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ အတော်အလုပ်များနေလို့ မအားတာနဲ့ မရောက်ကြတာပါ။ ဆရာကြီးကို အမြဲသတိရပြီး အဝေးကနေပြီး ဂါရဝပြုနေပါတယ်"

"သာဓုကွယ်၊ သာဓု ...၊ သာဓု ...။ မင်းတို့တစ်တွေ အလုပ်များနေတာကို ဆရာသိပါတယ်။ အလုပ်ဟာ လူ့ရဲ့ အာယုဒီဃ အသက်ရှည်ဆေးကြီးပဲကွဲ့။ အလုပ်များများလုပ်တဲ့သူဟာ ကျန်းမာတယ်၊ အပင်ပန်းခံနိုင်တယ်၊ အလုပ်လုပ်တာလည်း Exercise ပဲ။ ကိုယ်ရောဉာဏ်ရော အားကစားလေ့ကျင့်ခြင်းမျိုးပေါ့"

"ဆရာကြီးပြောတာ ကျွန်တော်တို့တော့ နားလည်ပါတယ်။ ဒါပေမဲ့ လူငယ်လူရွယ် တချို့ကတော့ အလုပ်လုပ်ရတာ ပင်ပန်းတယ်၊ ကျန်းမာရေးထိခိုက်တယ်လို့ ဆိုကြတယ်"

"ဒါက ဒီလိုပါ။ သူတို့က အလုပ်လုပ်ရလို့ ပင်ပန်းတယ်ဆိုတာ

mgyoe.com

mgyoe.com

အလုပ်လုပ်ရာမှာ သောကတွေ ပွားများနေကြတာ၊ အဲဒါဟာ အလုပ်များတာထက် သောကများလို့ ပင်ပန်းတာ။ မှန်ပါတယ်။ အလုပ်ကို လုပ်ရာမှာ လွတ်လွတ်လပ်လပ် ရှိဖို့လိုတယ်။ ငါလုပ်တာ မှားသွားမလား၊ အပြစ်ဖြစ်သွားမလား။ အဲဒီလို စိုးရိမ်စိတ်က အလုပ်များတာထက်ပိုပြီး ပင်ပန်းစေတယ်။ တကယ်တော့ ပင်ပန်းတာဟာ အလုပ်များလို့ မဟုတ်ဘူး၊ သောကများလို့"

"ဆရာကြီးပြောတာ သဘောပေါက်ပါတယ်။ ကျွန်တော့်ဖခင်ကြီး အကြောင်း အခု စကားစပ်မိလို့ ပြောပါရစေ"

"ပြောပါ၊ ပြောပါ"

"ကျွန်တော့် ဖခင်ကြီးဟာ အနုပညာသမားတစ်ဦးပါ။ သူဟာ ပန်းချီရေးတတ်ပါတယ်။ စာပေကဗျာလည်း ရေးတတ်ပါတယ်။ တခြား အနုပညာရပ်တွေမှာလည်း စိတ်ဝင်စားမှု ရှိပါတယ်။ အစက တက္ကသိုလ်ကထွက်ပြီး ပန်းချီရေးတဲ့အလုပ်ကို အဓိက အသက်မွေးမှု အလုပ်အဖြစ်ထားပြီး စာရေးတာကတော့ ဝါသနာလုပ်ငန်းလို့ သဘောထားပါတယ်။ အခုတော့ သူမရှိတော့ပါဘူး။ ကွယ်လွန်တာ အတော်ကလေးကြာပါပြီ။ ကျွန်တော်တို့ သူ့သားသမီးတွေ ကြီးပြင်းတဲ့အထိတော့ နေသွားပါတယ်။ သူဟာ အလုပ်သိပ်လုပ်တာပဲ။ အမြဲပဲ ပန်းချီရေးနေတယ်။ မဂ္ဂဇင်းအဖုံး ပန်းချီ၊ အတွင်းသားပန်းချီတွေလည်း ရေးတယ်။ နာမည်လည်းရနေတော့ လာအပ်တာတွေ များပါတယ်။ ကျွန်တော်တို့ မိသားစုဟာ မရှိမရှားဘဝမှာ ပျော်ပျော်ရွှင်ရွှင် နေကြရပါတယ်"

"ဩော် ... မောင်ရင့်အဖေကို ကျုပ်သိပါတယ်"

"ဆရာကြီးကိုလည်း အဖေက သိပါတယ်၊ ကျွန်တော် သူ့သားမှန်းတော့ ဆရာကြီး အခုမှပဲ သိပါတယ်"

"အေးကွဲ့၊ မင်းအဖေဟာ အနုပညာသမားဆိုတော့ စိတ်ဓာတ်ရင့်

mgyoe.com

mgyoe.com


ကျက်တာပေါ့။ ဆရာလည်း စာရေးဆရာဆိုတော့ ဆရာ အခုအသက် အရွယ်အထိ အလုပ်လုပ်နေတာပဲ။ ဆရာ့အကြောင်းလည်း မင်းတို့ သိ တန်သလောက်သိကြမှာပါ။ ဆရာ လခစားအလုပ်တွေ လုပ်ခဲ့ဖူးတယ်။ သက်မွေးမှု အတွက်ပဲ။ ဆရာ့အဓိက အလုပ်ကတော့ စာဖတ်တာ၊ စာ ရေးတာပဲ။ စာဖတ်နေရ၊ စာရေးနေရရင် ကျေနပ်နေတာပဲ။ လခစား အလုပ်ရဲ့ တာဝန်တွေ အများကြီးကြားမှာ စာရေးဖြစ်အောင် ရေးတယ်၊ အလုပ်တွေများပြီး အားတာနဲ့တစ်ပြိုင်နက် စာရေးတယ်။ ဒါဟာ ဆရာ့ အဖို့ အပန်းဖြေတာပဲ။ ကံကောင်းချင်တော့ အခု အသက်ကြီးပေမဲ့ စာရေး နိုင်တယ်။ လက်မတုန်ဘူး၊ သွေးတိုးမရှိဘူး။ အေးလေ အကြောင်းသင့်လို့ ပြောတာပါ၊ မင်းတို့တော့ နားလည်မှာပါ"

"ကျွန်တော်တို့ နားလည်ရုံသာ မကဘူး ဆရာကြီးရဲ့ နမူနာကို အမြဲ လေးစားလိုက်နာပါတယ်"

"ဆိုလိုတာက အလုပ်များတာ အရေးမဟုတ်ဘူး၊ သောကများတာ က ပိုပြီး ဒုက္ခပေးတယ်။ သတိရတုန်း ပြောရဦးမယ်၊ မင်းတို့တော့ သိမယ် မထင်ပါဘူး။ စစ်ပြေးကာလတုန်းက အတော်သိတဲ့ စာရေး ဆရာတစ်ယောက် ရှိတယ်။ သူက မြန်မာ့စာပေသမိုင်းမှာ ထင်ရှားခဲ့တဲ့ စာရေးဆရာကြီး ဦးလတ်ရဲ့တူ၊ ဒါကြောင့်မို့ သူ့ကလောင်နာမည်ကို ရွှေဘိုမောင်လတ်တူလို့ မှည့်တယ်။ သူ့နာမည်ရင်းက ဦးတင့်ဆွေ"

"ဟုတ်ကဲ့ဆရာကြီး၊ စစ်မဖြစ်ခင်ကာလတုန်းက ကဝိမျက်မှန် မဂ္ဂဇင်းမှာ စာတွေအများကြီး ရေးတယ်"

အဲဒီ ဦးတင့်ဆွေဟာ ဒုတိယကမ္ဘာစစ်ကြီး အစလောက်မှာ ဒုတိယ အတွင်းဝန်ရာထူးနဲ့ ပြည်ထဲရေးနဲ့ ကာကွယ်ရေးဝန်ကြီးဌာန (Home and Defence)မှာလုပ်တယ်။ အဲဒီတုန်းက ဝန်ကြီးအမ်အေ–ဦးမောင်ကြီး ဖြစ်တယ်။ သူက သူ့အလုပ်စားပွဲမှာ ဆရာနဲ့ စကားစမြည်ပြောကြရာ

mgyoe.com

mgyoe.com

မှာ ဆရာက သူ့စားပွဲပေါ်က ဖိုင်တွဲ တစ်ပုံကြီးကိုကြည့်ပြီး "ဆရာ သိပ်အလုပ်များတော့ ပင်ပန်းမှာပေါ့"လို့ ပြောလိုက်တော့ သူက "အလုပ်များတာထက် အဲဒီ ဖိုင်တွဲပုံကြီးကြည့်ပြီးတော့ စိတ်မောရတာက ပိုဆိုးတယ်" လို့ ပြောလိုက်တယ်"

"ဆရာကြီး ပြောသလိုပါပဲ။ ကျွန်တော်တို့မှာလည်း အလုပ်များတာကတော့ များတာပါပဲ။ မဆန်းပါဘူး။ အဲဒါထက် သောကများတာက ပိုပါတယ်။ ဒါကြောင့် ပင်ပန်းတာပါ။ စိတ်မောရတာပါ"

"အဲဒီမှာ ဆရာ မှတ်မိတာကလေး တစ်ခုပြောရဦးမယ်။ အဲဒါက ဆရာ ပီမိုးနင်းရဲ့ ကြီးပွားချမ်းသာရေးစာအုပ် တစ်အုပ်ထဲမှာပါတယ်။ ဆရာကြီးဆိုလိုတာက အလုပ်ကို ကစားသလို လုပ်ပါတဲ့။ ပေါ့ပေါ့တန်တန် လုပ်ဖို့ ပြောတာ မဟုတ်ဘူး။ ပျော်ပျော်ပါးပါး လုပ်ပါလို့ ဆိုလိုတာ။ ဆရာ အဓိပ္ပာယ်ကောက်တာကတော့ အလုပ်ဟာ တာဝန်ပဲ။ တာဝန်ဆိုတာ စင်စစ်တော့ ဝန်ထုပ်ဝန်ပိုးပဲ။ လုပ်ရမှာပဲ။ ရှောင်လို့မရဘူး။ အဲဒီတော့ ပျော်စရာလို့ သဘောထား၊ စိတ်ကို အလုပ်ထဲမှာ ဝင်စားအောင် လုပ်ပြီးတော့ လုပ်ပါ။ စိတ်ဝင်စားတယ်ဆိုတာ စိတ်ကို အထူးဝင်အောင်၊ ကျကျနနဝင်အောင် သွင်းပြီး လုပ်တာလို့ ဆိုလိုတယ်။ စိတ်မဝင်စားရင် ဘာအလုပ်ဖြစ်ဖြစ် ပင်ပန်းမှာပဲ။ စိတ်ဝင်စားတဲ့ အလုပ်ဆိုရင် မပင်ပန်းဘူး"

"ဆရာကြီးပြောတာတော့ ဟုတ်ပါရဲ့။ အဲဒီ စိတ်ဝင်စားအောင် လုပ်ဖို့က အတော် ပါရမီ ဖြည့်ရမှာပါ"

"ဒါတော့ ဒါပေါ့၊ ကြိုးစားရမှာပေါ့။ လူ့စိတ်ဆိုတာ အခက်သားပဲ။ အတော်ကို ပြုပြင်ရမှာ။ မကြာခဏ ပြုပြင်မှ တော်ကာကျတယ်။ ဒါကြောင့် ဝါသနာလုပ်ငန်း တစ်ခုခု စလုပ်ကြဖို့ ဆရာ ပြောနေတာပေါ့။ သာကေတွေ အများကြီး ရှိပါတယ်။ အခုဆိုရင် မောင်ရင်တို့ ကိုယ့်ကိုယ်

mgyoe.com

mgyoe.com


ကိုယ်ပဲ ပြန်ကြည့်။ မောင်ရင်တို့ တာဝန်ဝတ္တရားတွေနဲ့ စာပေနဲ့ တကယ်တော့ ဝေးပါတယ်။ ဆရာ့ဆီလာပြီး စာအကြောင်း ပေအကြောင်း ဆွေးနွေးရတာမှာ ကြည်နူးနေကြတယ် မဟုတ်လား။ အဲဒါ ဝါသနာပေါ့။ တချို့က စာဖတ်တာပဲ ဝါသနာရှိတယ်၊ စာရေးတာမှာတော့ ဝါသနာ မပါလှဘူး။ ရေးတော့ရေးချင်တယ်၊ မလွယ်လှဘူးလေ။ ကြိုးစားရင် ဖြစ်ချင် ဖြစ်နိုင်ပါတယ်"

"မှန်ပါတယ် ဆရာကြီး။ ဝါသနာလုပ်ငန်းတွေ အများကြီးပါ။ ကိုယ့်ဝါသနာကို ကိုယ် စိစစ်ကြည့်ပြီး ဝါသနာလုပ်ငန်းကို ကျွန်တော်တို့ အရွယ်က စကြသင့်ပါတယ်။ ဒီထက်နောက်ကျဖို့ မကောင်းလှဘူး"

"နောက်ကျတယ်လို့ မရှိပါဘူး။ စောစောကတည်းက စပြီး ပျိုးထောင်ရင် ပိုကောင်းတာပေါ့။ ဟိုအနောက်တိုင်းမှာ အဘွားကြီးတစ်ယောက်က အသက်ကြီးကာမှ ပန်းချီစရေးတယ်။ နောက်တော့ သူ့လက်ရာတွေကို ပန်းချီလောကက အသိအမှတ်ပြုကြရတယ်။ ပိုလန်အမျိုးသားကြီး တစ်ယောက်၊ နာမည်က ဂျိုးဇက်ကော်န်ရတ်ဒ်တဲ့။ ငယ်ငယ်ကတည်းက အသက်တော်တော်ရတဲ့အထိ သင်္ဘောသား လုပ်ခဲ့တယ်။ ကပ္ပတိန်အထိ ဖြစ်တယ်။ အဲဒီအချိန်အခါကျမှ အင်္ဂလိပ်စာသင်ပြီးတဲ့နောက်မှာ ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီးတစ်ဦး ဖြစ်လာတယ်။ မင်းတို့ သိပြီးသားပါ"

"ဟုတ်ကဲ့ဆရာကြီး၊ အဲဒီ သာဓကတွေကို ကျွန်တော်တို့ သိမှတ်ပြီးကြပါပြီ"

"အခု လက်ငင်းသာဓကတွေ ကြည့်စမ်း။ တို့ပတ်ဝန်းကျင်မှာ စာရေးဆရာတွေ ...။ တချို့က ဆရာဝန် စာရေးဆရာ၊ တချို့က အင်ဂျင်နီယာ၊ တချို့က တပ်မတော်သားတွေ၊ တချို့က ရုံးဝန်ထမ်းတွေ။ အမျိုးသားရော အမျိုးသမီးတွေပါ ဘယ်လောက် အားကျဖို့ကောင်းသလဲ။

mgyoe.com

mgyoe.com


ဒါက ဆရာက စာရေးဆရာမို့ စာရေးဆရာတွေအကြောင်း ပြောတာပါ။ တခြား ဝါသနာလုပ်ငန်းရှင်တွေလည်း အများကြီးပေါ့"

"ဟုတ်ပါတယ်။ တချို့ဆိုရင် ပန်းချီဝါသနာပါတယ်။ လက်သမား ဝါသနာပါတယ်။ စက်မှုကိရိယာလုပ်တာ ဝါသနာပါတယ်။ စိုက်ပျိုးရေး ဝါသနာပါတယ်။ အမျိုးသမီးတွေဆိုရင်လည်း အချက်အပြုတ်၊ မုန့်လုပ်တာတွေ၊ ယိုလုပ်တာတွေမှာ ထူးထူးခြားခြား ဝါသနာပါကြလို့ သူတို့လက်ရာတွေနဲ့ တစ်ဖက်တစ်လမ်းက စီးပွားဖြစ်နေတာလည်း တွေ့ရပါတယ်"

"အဲဒီလိုပေါ့ကွယ်။ ပင်ပန်းရင် အပန်းဖြေဖို့ နည်းတစ်ခုခု ရှာထားပါ။ တာဝန်အလုပ်နဲ့ ဝါသနာအလုပ်။ အဲဒီနှစ်မျိုးကို လက်ဝယ်ထားစမ်းပါ။ မဲတင်းပေးသလိုပေါ့။ တာဝန်အလုပ်မှာ သောကဝင်လာရင် သောကကင်းတဲ့ ဝါသနာအလုပ်ကလေးတစ်ခုကို ရတဲ့အချိန်ကလေး တစ်ခုခုမှာလုပ်ပေါ့။ တာဝန်အလုပ် လုပ်ရာက ကိုယ့်ဝါသနာ အလုပ်ကလေး၊ ဥပမာ စာဖတ်တာပဲဖြစ်ဖြစ် လုပ်လိုက်ပါ။ အဲဒီတော့မှ သောက အရှိန် ကျသွားမယ်"

❊

mgyoe.com

mgyoe.com

# ပြောချင်တာပြော၊ လုပ်ချင်တာလုပ်၊ ဖြစ်ချင်တာဖြစ်

"ဟော့ ... သူငယ်ချင်း၊ ငါတော့ ကြိုက်သွားပြီ"

"ဟာ ... မင်းကလည်း စောစောစီးစီး မဦးမစပ်၊ ဘာအရူးထလာတာလဲ။ ဒီကောင်ကြီး သူငယ်ပြန်နေပြီထင်တယ်။ အသက်ကြီးသူတွေ သူငယ်ပြန်တာထက် မကြီးမငယ်တွေ သူငယ်ပြန်ရင် ပြဿနာတွေ တစ်ပုံကြီးတက်တယ်"

"ဘယ်လိုတက်သလဲ"

"မကြီးမငယ်တွေက သူငယ်ပြန်တာဟာ အဘိုးကြီးတွေ ပြန်တာမျိုး မဟုတ်ဘူး။ ဘဝင်ကိုင်လို့ ထင်ရာပြော ထင်ရာလုပ်။ ဒီတော့ ဒုက္ခတွေရောက်၊ ပြဿနာတွေတက် ဖြစ်ကုန်တာပေါ့"

"အသက်ကြီးလို့ သူငယ်ပြန်တာက သိပ်ပြဿနာမဖြစ်ဘူး။ သူ ပြောချင်တာတော့ ပြောတာပေါ့။ ဒါပေမဲ့ လုပ်ချင်တာတော့ မလုပ်နိုင်ရှာဘူး။ အရွယ်မလွန်ခင် သန်တုန်းမြန်တုန်း အစွမ်းထက်တုန်းမှာ သူငယ်ပြန်တာက အန္တရာယ်ကြီးတယ်"

"သူငယ်ပြန်တာ မစစ်ဘူးလေ။ ဘဝင်ကိုင်ပြီး ပြောချင်တာပြော၊

mgyoe.com

mgyoe.com


လုပ်ချင်တာလုပ်။ အဲ ... ဒါနဲ့ မင်းက ဘာကြိုက်သွားတာလဲ"

"ဒီလိုကွ၊ ရုပ်ရှင် ဗွီဒီယိုနယ်မှာ ဝင်ဆံ့တဲ့ ငါ့မိတ်ဆွေတစ်ယောက် ရှိတယ်။ သူက တစ်နေ့က ငါ့ကိုပြောတယ်။ လူငယ်တွေ ထင်ရာလျှောက် လုပ်ကြလို့ ချောက်ချတာ၊ ပြဿနာဖြစ်တာ၊ အန္တရာယ်ဖြစ်တာတွေကို ဇာတ်လမ်းလုပ်ပြီး ဗွီဒီယိုရိုက်မလို့တဲ့။ အဲဒီ ဗွီဒီယိုဇာတ်နာမည်က ပြော ချင်တာပြော၊ လုပ်ချင်တာလုပ်၊ ဖြစ်ချင်တာဖြစ် ... တဲ့။ အဲဒါကို ငါ သိပ်ကြိုက်သွားတယ်။ ဒါကြောင့် အခု မင်းဆီလာပြီး ဆွေးနွေးမလို့"

"သူငယ်ချင်း ... မင်း ဘာဆွေးနွေးစရာ လိုသလဲ။ အခု မျက်မြင် ထင်ထင်ရှားရှားပဲ မဟုတ်လား။ လူငယ်လူရွယ်တွေ အခုအခါမှာ ပြော ချင်တာတွေ ပြောနေကြတယ်။ လုပ်ချင်တာတွေ လျှောက်လုပ်နေကြ တယ်။ ဖြစ်ချင်ရာဖြစ်တော့ သူတို့ချည်းခံရတာ မဟုတ်ဘူး။ တခြားလူ တွေမှာလည်း အန္တရာယ်ဖြစ်လာတယ်။ ထင်ရှားနေသားပဲ။ ဘာဆွေး နွေးဖို့ လိုသလဲ"

"သူတို့ ဒီလိုလုပ်နေတာကို ငါတို့လူကြီးတွေက တားမြစ်ဖို့၊ ဆို ဆုံးမဖို့ မလိုဘူးလား"

"လိုတာ မလိုတာ ပြောမနေနဲ့။ သူတို့က ငါတို့ ရှေ့ခေတ်ကို အမျိုးမျိုး အပြစ်ပြောနေတာ။ သူတို့လို မတိုးတက်ဘူးတဲ့"

"ဟုတ်တယ်၊ အခုခေတ် လူငယ်တွေဟာ ပိုက်ဆံ ... ပိုက်ဆံ ... ငွေ ... ငွေ ... ဒေါ်လာ ... ဒေါ်လာ ဒါလောက်ပဲ နားလည်ကြတယ်။ ပညာသင်တာမှာ အာရုံမရှိကြတော့ဘူး။ မလွဲသာလို့ သင်ကြရတာ။ တကယ်တော့ ငွေထောဖို့ပဲ အိပ်မက် မက်နေကြတယ်။ အခွင့်သာတာနဲ့ တစ်ပြိုင်နက် နိုင်ငံခြားထွက်ကြတာပဲ။ ဒေါ်လာမုဆိုးတွေပေါ့"

"ဒေါ်လာမုဆိုးလို့ဆိုတာ သိပ်မမှန်ဘူး၊ ဒေါ်လာရရင် ဘာပဲလုပ်ရ လုပ်ရ လုပ်မှာပဲဆိုတဲ့ သဘောထားကို ရင်ဝယ်ပိုက်သွားကြတယ်။ ဟို

mgyoe.com

mgyoe.com


ရောက်တော့ အလုပ်ရဖို့ မလွယ်ဘူး။ အလုပ်ပွဲစားတွေရဲ့ သားကောင် ဖြစ်ကြရတယ်။ သူတို့ခများများမှာ ဒေါ်လာစွဲ စိတ်ဝေဒနာ ဖြစ်နေတယ်"

"ဟုတ်တာပေါ့။ အခုခေတ် လူငယ်တွေဟာ အများအားဖြင့် နိုင်ငံခြားသွားဖို့သာ အာရုံထားကြတယ်။ ကိုယ့်တိုင်းပြည်မှာ နေမြဲနေပြီး နည်းလမ်းမှန်မှန်နဲ့ ရိုးရိုးသားသားကြိုးစားဖို့ စိတ်မကူးကြဘူး။ နိုင်ငံခြားသွားရအောင် မိဘငွေကြေးတွေကို ပွဲစားလက်ထဲအပ်ပြီး စောင့်မျှော်နေကြတယ်။ တချို့ပွဲစားတွေကလည်း မျက်နှာပြောင်တိုက်ပြီး ငွေကို လိမ်ယူလိုက်ကြတယ်။ တရားစွဲဖို့ အရေးယူဖို့ မလုပ်ဝံ့ကြဘူး။ တော်တော်ကြာ ကိုယ့်ရှုးကိုယ်ပတ် နေမှာလည်း စိုးရတာကိုး"

"မင်းပြောသလိုပဲ ငံ့ခံကြရတာတွေ အများကြီးပဲ။ ပွဲစားတွေက လည်း ရက်ရက်စက်စက် ယူကြတယ်။ သိန်းချီပြီး ပေးရတယ်။ ဒီလူငယ်ရဲ့အကြောင်း၊ သူတို့ဖြစ်ထွေကို အများသိနေကြပြီမို့ ပြောမနေနဲ့တော့။ ဒီမှာရှိတဲ့ လူငယ်တွေအကြောင်းပဲ ပြောကြပါစို့။ သူတို့ဟာ ပြောချင်တာပြော၊ လုပ်ချင်တာလုပ်တယ်။ တစ်ခါတလေ အပေါက်အလမ်းတည့်သွားလို့ သူတို့အဖို့ အောင်မြင်တယ်ပေါ့လေ။ အိတ်ထဲ ဒေါ်လာ တော်တော် ရောက်နေရင် ဘဝင်ကိုင်တော့တာပဲ"

"ဟုတ်တယ်၊ အဲဒီလို သူတို့ လိုချင်တာရတာကို အောင်မြင်တယ်လို့ထင်ပြီး ကြွားကြတာ အများကြီးပဲပေါ့။ ဒါပေမဲ့ သူတို့ရဲ့ အောင်မြင်တယ်၊ တိုးတက်တယ်ဆိုတာ အပေါ်ယံပါ။ သူနဲ့ သူ့မိသားစုလောက် အတွက်ပဲ ဖြစ်တယ်။ ဒါတောင် ဘယ်လောက် အောက်ကျခံရသလဲ။ သူတို့က ဒေါ်လာကလေး ဘာလေးရလို့ မော်ကြွားနိုင်ပေမဲ့ အများစု အတွက်ကတော့ အကျိုး မဖြစ်ထွန်းပါဘူး။ အဲဒါကို သူတို့က ဂရုမစိုက်ပါဘူး တစ်နပ်စား ကြံကြတာပဲ"

"အောင်မြင်တယ် ... အောင်မြင်တယ် ... ဆိုတဲ့ စကားကို အရမ်း

mgyoe.com

mgyoe.com


သုံးနေကြတာပဲ။ အောင်မြင်တယ်ဆိုရအောင် သူတို့မှာ နည်းနည်းပါးပါး စားရပေမဲ့ အများအတွက် ဆိုးကျိုးတွေ ပေါ်နိုင်တယ်။ အချို့ လူငယ်တွေ ပြည်တွင်းမှာရော၊ ပြည်ပမှာရော ဒေါ်လာရလို့ သွားလုပ်နေတာ ပုဂ္ဂလိက ကုမ္ပဏီတွေ ဖြစ်တယ်။ ပုဂ္ဂလိက ကုမ္ပဏီဆိုတာက ပုဂ္ဂလိက ပီပီ သူအကျိုးမရှိတဲ့ တစ်နေ့ကျရင် ငှားထားတဲ့သူတွေကို ကန်ထုတ်မယ်။ ဘယ်လောက်တော်တော် သူ့အကျိုး ထိခိုက်ပြီဆိုရင် ဆက်ငှားမှာ မဟုတ်ဘူး။ အဲဒီအခါ သိလိမ့်မယ်။ ရေရှည် မကြည့်တတ်ကြဘူး။ ခဏာပန်းမှာ အရိုးအရင်းကလေး ကိုက်ရတာနဲ့ တစ်ဦးနဲ့တစ်ဦး ရန်လိုနေကြတယ်။ နောင်ဖြစ်လာမယ့် ဆိုးကျိုးတွေကို မမြင်ကြဘူး။ မြင်လည်း ဂရုမစိုက်ဘူး။ သူတို့အိတ်ထဲ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒေါ်လာရောက်ဖို့ကိုသာ အာရုံပြုကြတယ်"

"ဆိုးကျိုးတွေထဲမှာ လူငယ်တွေ ပညာသင်ချင်စိတ် မရှိတာဟာ အဆိုးဆုံးလို့ ဆိုရမယ်။ ဘွဲ့ရပြီးတဲ့ လူတွေတောင် နိုင်ငံခြားသွားပြီး ဟိုမှာ ရိုးရျော့ဆိုတဲ့ ကျရာအလုပ် ဝင်လုပ်ကြတယ်။ ဒီမှာ ငွေကုန်လူပန်းပြီး ရလိုက်တဲ့ ဘွဲ့ကလေးကိုမှ အားမနာဘဲ ဟိုမှာ အိုက်တိုးပဂေးဆန် အလုပ်ကို လုပ်ကြတယ်။ တချို့ကလည်း သင်္ဘောသားအဖြစ်နဲ့ သက်စွန့် ကြိုးပမ်း လုပ်ကြတယ်။ ငွေကလေး ကြေးကလေးနဲ့ လတ်လျားလတ်လျား လုပ်နေကြတယ်"

"သူတို့ရခဲ့တဲ့ ဒေါ်လာကို တရားမဝင်တဲ့နှုန်းနဲ့ မြန်မာငွေလဲပြီး အိမ်ခန်းဝယ်တယ်၊ ယူလာတဲ့ကားကို စီးချင်စီးတယ်။ မစီးနိုင်တဲ့အခါ ရောင်းစားလိုက်ကြတယ်။ ရတဲ့ငွေကြေးလေးနဲ့ သူဋ္ဌေးပေါက်စ လုပ်နေကြတယ်"

"သူတို့ဘက်က ကြည့်ပြောရရင်လည်း တစ်မျိုးပေါ့။ ဒီမှာ သူတို့ အလုပ်လုပ်ရင် စားဝတ်နေရေးအတွက်တောင် မလုံလောက်ဘူးတဲ့၊ မှန်

mgyoe.com

mgyoe.com


တာပဲ။ အခု ကုန်ဈေးနှုန်းတွေနဲ့ ဒီမှာရတဲ့ လခဟာ ဘယ်လို လောက်နိုင်ပါ့မလဲကွာ"

"သူတို့တစ်တွေဟာ သနားစရာပါ။ မျက်စိစပါးမွေးစူးစရာက ဒီမှာရှိတဲ့ လူငယ်လူရွယ်တချို့ဟာ နိုင်ငံခြားကုမ္ပဏီတွေဆီမှာ လက်ထောက်ရာထူး လုပ်ရတော့ ဒေါ်လာရကြတယ်။ ရတာကလည်း နှစ်ရာ သုံးရာ အလွန်ဆုံးပါ။ အဲဒါ ဟိုဒေါ်လာနိုင်ငံမှာ ကလေးမုန့်ဖိုးလောက်ပဲရှိတာပါ။ ဒီမှာသာ ဟိတ်ကြီးနေတာပါ"

"အေးလေ ... ဒေါ်လာရဲ့ ကျွန်ဖြစ်နေမှန်း မသိ ဖြစ်နေတာပဲပေါ့။ ဒေါ်လာဟာ ဓနနတ်ဆိုးကြီးလို ဖြစ်နေပြီ။ အဲဒီနတ်ဆိုးကြီးကို ကိုးကွယ်နေကြတယ်။ ဒေါ်လာငွေစက္ကူကို မမြင်ဖူးတဲ့ လူတွေကလည်း ဒေါ်လာလေသံကြားတာနဲ့ မက်မောနေကြတယ်။ တစ်ခါက ငါကြားလိုက်ရတယ်။ ကုမ္ပဏီတစ်ခုက လက်တိုလက်ရှည်ခိုင်းစေဖို့ လူတစ်ယောက်လိုတယ်။ လစာ ဒေါ်လာတစ်ရာ ပေးမယ်တဲ့ အဲဒီ ရောမရာထူးအတွက် လျှောက်ကြသူတွေထဲမှာ ဘွဲ့ရတွေ အများကြီးတဲ့။ အဲဒီလို ကြားလိုက်ရတာပဲ"

"ဒေါ်လာကို ကိုးကွယ်သူတွေဟာ လူငယ်လူရွယ်တွေတင် မကဘူး ... လူကြီးတွေလည်း ပါတယ်လို့ သိရတယ်။ သူတို့က သူတို့သားတွေ နိုင်ငံခြား ငွေကုန်ကြေးကျခံပြီး ပို့ကြတယ်။ သူတို့ဟာ ဒီမှာတော့ ဂုဏ်နဲ့ ဒြပ်နဲ့ပေါ့။ ဒါမှမဟုတ် သူဌေးတွေပေါ့။ သူတို့သားတွေကို နိုင်ငံခြားပို့ပြီး ဒေါ်လာရှာခိုင်းကြတယ်"

"ငါလည်း ကြားသိရပါတယ်။ တချို့ဆိုရင် နိုင်ငံခြားမှာ အဆက်ကောင်းရလို့ ဟိုမှာ အတော်ဟန်နေသတဲ့။ ပြီးတော့ ဒီမှာလည်း နိုင်ငံခြား ကုမ္ပဏီတချို့နဲ့ ဖက်စပ်လုပ်ပြီး ကုမ္ပဏီရာထူးကောင်းကောင်းရလို့ နိုင်ငံခြားကို အစည်းအဝေးတက်ဖို့ မကြာမကြာ သွားရတဲ့ လူငယ်လူ

mgyoe.com

mgyoe.com


ရှယ် တချို့လည်း ရှိသေးတယ်"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဒါက အတော်ကြီးကို အဆက်ကောင်းမှ ပါ။ မင်းပြောတဲ့လူမျိုး တွေ့ဖူးပါတယ်။ သူတို့ကိုယ်သူတို့ အောင်မြင် လှပြီထင်ပြီး မာန်တက်နေကြတယ်။ ရှေးခေတ်ကို ပြန်စောင်းကြည့်ပြီး မတိုးတက်ဘူး၊ သူတို့လောက် လူကြီးတွေမှာ သတ္တိ အရည်အချင်း မရှိဘူးလို့ သဘောထားကြတယ်"

"အဲဒီ ဘဝင်ကိုင်တဲ့ လူတွေက ပြောချင်တာတွေလျှောက်ပြော၊ လုပ်ချင်တာတွေ လျှောက်လုပ်နေကြတယ်။ သူတို့ကို စံထားပြီး လိုက် လုပ်နေကြလို့ လူငယ်လူရွယ် တော်တော်များများလည်း ပျက်စီးကုန်ကြ ပြီ။ မိဘကို မရိုသေ၊ ဆရာသမားကို မလေးစား၊ လူကြီးသူမတွေကို အရာမထားတဲ့ သဘောတွေ ဝင်ကုန်ပြီ။ နိုင်ငံခြားကို စုံမက်လွန်းလို့ ကိုယ့်မျိုးရိုးရဲ့ နီတိဆိုတဲ့ အကျင့်စည်းကမ်းတွေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ တွေကို အရေးမလုပ်တော့ဘူး။ ကိုယ့်လူမျိုးအပေါ် အထင်သေးလာ ကြပြီ။ မိုက်မာန လွှမ်းမိုးနေပြီလေ ..."

"ကဲ ... မင်းက ဒီကိစ္စမှာ ဘယ်လို လုပ်ချင်သလဲ"

"ဘယ်လို လုပ်ရမယ်လို့ မသိဘူး။ ဒါကြောင့် မင်းကို တိုင်ပင် တာပေါ့"

"သူငယ်ချင်း ... မင်းတို့ ငါတို့ဟာ အသက်ကြီးလှပြီ။ ဘာမျှ မလုပ်နိုင်တဲ့အရွယ် ရောက်နေပြီ။ စိတ်လျှော့လိုက်။ ဒီကိစ္စမှာ ငါတို့ ဘာလုပ်လို့ကော ဘယ်သူက ဖြုံမှာလဲ။ ငါတို့လုပ်ဖို့ မလိုပါဘူး။ လော ကဓံတရား ရှိသားပဲ။ မင်းယုံပါ။ လောကဓံတရားက စီမံပါလိမ့်မယ်။ တက်ရင် ကျမှာပဲ။ အဲဒါဓမ္မတာ။ မိုက်မာနတက်နေသူတွေဟာ ကျရင် အကျနာမှာ သေချာတယ်။ လိမ္မာရင် အကျသာလိမ့်မယ်။ အဲဒါပဲ"

❋

mgyoe.com

mgyoe.com

# တာဝန်မဲ့ခြင်းရဲ့ အန္တရာယ်

"သူငယ်ချင်းရေ ... လူတွေဟာ သေမျိုးမို့ သေကြတာ မဆန်းပါဘူး။ လူတိုင်း တစ်နေ့တော့ သေကြမှာပေါ့။ သေပုံသေနည်းတွေကလည်း အမျိုးမျိုးပဲပေါ့ကွာ။ အဲဒီထဲမှာ ရုတ်တရက် အပြင်းအထန် ဝေဒနာ ခံစားလိုက်ရပြီး သေတဲ့ကံ၊ ဥပစ္ဆေဒက ကံဟာ အဆိုးဆုံးပဲ။ အင်မတန် သနားစရာကောင်းတယ်။ ကြောက်စရာကောင်းတာတော့ မပြောနဲ့တော့ ဟော့။ သေရတဲ့သူဟာ ရှေးက ကံဆိုးကြောင့်လို့ ဆိုရပေမဲ့ အခုဘဝမှာ သူသေရတဲ့ ကိစ္စမှာ သူ့အပြစ် လုံးဝမရှိဘူး။ အဲဒါ သနားစရာ ရင်နာစရာ အကောင်းဆုံးပဲ"

"အေး ... မင်း အခု စကားပလ္လင်ခံနေတာဟာ ကားတိုက်မှု အကြောင်းတွေ ပြောမလို့ မဟုတ်လား"

"အေးပေါ့ကွာ။ အဲဒီလို အဖြစ်ဆိုးမျိုးဟာ ကားတိုက်မှုမှာ အများဆုံးပေါ့။ တစ်နေ့က ကျောင်းကားနဲ့ ကားကြီးတို့ တိုက်မှုမှာ ဆရာမလေး တစ်ယောက်နဲ့ ကျောင်းသူကလေး တစ်ယောက် ဆုံးကြရရှာတယ်။ ငါအဲဒီအကြောင်းကို သတင်းစာမှာ ကိုယ်တိုင်ဖတ်တာ မဟုတ်ဘူး။

mgyoe.com

mgyoe.com

တပည့်ကလေးတစ်ယောက်က ဖတ်ပြီး ပြောပြလို့ သိရတာပဲ။ ငါ အဲဒီလို သတင်းမျိုးကို တတ်နိုင်သမျှ ရှောင်တယ်။ မဖတ်ချင်ဘူး။ ကြားတာတော့ လည်း ပြောတော့ ကြားရတာပေါ့။ သေသေချာချာ ကြားသိရရင် ရင်ထဲ မှာ တစ်နေကုန် မကောင်းဖြစ်တတ်တယ်"

"သဗ္ဗေသတ္တာ ကမ္မဿကာလို့ သဘောထားပြီး သင်္ခါရတရားကို ရှုပေါ့။ ကံ ကံ၏ အကျိုးကို ယုံကြည်သူတွေဟာ ကံကိုပဲ ရိုးမယ်ဖွဲ့ တယ်လို့ ပြောချင်ပြောပေါ့။ ရိုးမယ်ဖွဲ့ရမှာပဲ။ ကံမယုံတဲ့လူတွေနဲ့တော့ မငြင်းမခုံချင်ပါဘူး"

"မင်းပြောသလို ဖြေရတာပေါ့။ ဒါပေမဲ့ တစ်မျိုးကြီးပဲ။ ဘယ်သူ့ ကို အပြစ်တင်ရမလဲ။ အပြစ်တင်ရမှာပဲလို့လည်း စိတ်ထဲမှာရှိတယ်။ ကားမောင်းသမားကို အရင်ဆုံး သတိရတာပေါ့။ ဘယ်ကားရဲ့ ကား မောင်းသမားလဲ။ တိုက်တဲ့ကားလား၊ အတိုက်ခံရတဲ့ကားလား။ နှစ် ယောက်လုံးရဲ့ အပြစ်လား။ တစ်ဖက်ဖက်က မှားတာလား၊ လွန်တာ လား။ မတော်တဆ ဖြစ်တယ်ဆိုတာ ဘယ်လိုဖြစ်တာလဲ။ အဲဒါတွေက ရဲရဲ့ စုံစမ်းစစ်ဆေးရမယ့် တာဝန်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ ငါက ရော်ရမ်းမှန်းဆပြီး တွေးကြည့်တာ။ ကံကြောင့်ဖြစ်တယ်ဆိုတာက တခြားပဲ။ လူကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်"

"ဒါနဲ့ ငါနမြောလို့မဆုံး ဖြစ်ခဲ့တာကလေး ပြောပြရဦးမယ်။ တို့ ကတော့ ကိုယ့်ဘဝတူချင်းဆိုတော့ ပိုနမြောတာပေါ့။ စာရေးဆရာ မောင် လွန်းကြင် အမည်ခံတဲ့ တို့မိတ်ဆွေတစ်ယောက်ဟာ အဲဒီလို ဥပဒ္ဒဝက ကံနဲ့ ကွယ်လွန်ရှာတယ်။ အင်မတန် ရည်မွန်တဲ့ လူတစ်ယောက်ပဲကွ။ စာရေးဆရာများသာမက လူအများကလည်း သူ့ကိုခင်ကြတယ်။ အား လုံးက သူ့သတင်းကြားရတော့ စိတ်မကောင်းဖြစ်ကြတယ်"

"အေး ... စာရေးဆရာ မောင်လွန်းကြင်ရဲ့ ဝတ္ထုကလေးတွေဟာ

mgyoe.com

mgyoe.com

အလွန် စာသားကောင်းတယ်။ ငါလည်း သူ့စာဖတ်ပရိသတ် တစ်ယောက်ပဲ။ သူကွယ်လွန်တယ်ဆိုတာ သိလိုက်ပါတယ်။ သူ့ဖြစ်ပုံ ပြောပြစမ်းပါဦး"

"ငါတော့ တစ်ဆင့် နှစ်ဆင့် သုံးဆင့် ဆိုသလို ပြောကြတဲ့စကားကို ကြားရပါတယ်။ မောင်လွန်းကြင်က သံတွဲသား၊ သူ့ဖခင်က ဒေါက်တာညီညီ ဆိုတဲ့ ဆရာဝန်ကြီး၊ အခုတော့ မိဘတွေ မရှိတော့ဘူးပေါ့။ သူနဲ့ သူ့အစ်မပဲ ရှိတယ်လို့ သိရတယ်။ သူဟာ လူပျိုကြီး။ အသက်လေးဆယ်ကျော်လောက် ရှိမယ်ထင်တယ်။ ပြည့်ပြည့်စုံစုံ ရှိသူတစ်ယောက်ပဲ။ ဟိုနှစ်လောက်တုန်းက အမေရိကန်ကို အလည်အပတ်ရောက်သွားတယ်။ သူဟာ သံတွဲနဲ့ ရန်ကုန်ကို မကြာခဏ ကူးလေ့ရှိတယ်။ ကိစ္စရှိရင် ရန်ကုန်က သံတွဲသွားလိုက်၊ ပြီးတော့ ရန်ကုန်ပြန်လာလိုက်နဲ့ နေတာပဲ။ သူ့ရဲ့ နောက်ဆုံးခရီးဟာ သံတွဲက ရန်ကုန် အပြန်ခရီး ဖြစ်တယ်"

"သူ ရန်ကုန်မှာ အမြဲနေသလား"

"ဒီလိုလည်း မဟုတ်သေးဘူး။ သံတွဲအိမ်နဲ့ ရန်ကုန်အိမ် ကူးနေတာများတယ်။ ရန်ကုန်မှာ သူ့ဦးလေးရှိတယ်။ အဲဒါနဲ့ အိမ်အပြန်ခရီးမှာ သံတွဲကရန်ကုန်ကို ခရီးသည်ကားနဲ့ အပြန် ပြည်နဲ့ ရန်ကုန်ကြားမြို့တစ်မြို့ (ကြို့ပင်ကောက် ထင်ပါရဲ့) မှာ သူစီးလာတဲ့ကားက လမ်းဘေးနားမှာ ရပ်ထားတဲ့ ခရီးသည်ကားလား၊ ကုန်တင်ကားလား၊ ကားကြီးတစ်စင်းကို ဝင်တိုက်တာပဲတဲ့။ ကားမောင်းသူက ပြည်က မထွက်ခင်ကတည်းကပဲ မူးလာတယ်ဆိုပဲ။ တိုက်လိုက်တာ မောင်လွန်းကြင်နဲ့ တခြား ခရီးသည်နှစ်ယောက် ဆုံးသွားကြတယ်။"

"သြော် ... မူးပြီး မောင်းလို့ကိုး"

"ငါတော့ သူ့သတင်းကြားရတာ စိတ်သိပ် ထိခိုက်သွားတယ်။

mgyoe.com

mgyoe.com

ရုပ်ထားတဲ့ကားကို သူတို့ကားက ဝင်တိုက်တာဟာ ဘယ်သူ့အပြစ်လဲ ဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ သူ့ခမျာ အပြင်းအထန် ဒဏ်ရာရ တယ်ဆိုပဲ။ အသေးစိတ်ကြားသိရသူတွေက သူရတဲ့ ဒဏ်ရာတွေဟာ အင်မတန်ပြင်းထန်တယ်။ ရုပ်အတော်ကြီးကို ပျက်သွားတယ်တဲ့"

"အဲဒါပေါ့ကွာ။ အဲဒီကိစ္စမျိုးမှာ တာဝန်ရှိသူ ဘယ်သူဆိုတာ ထင်ရှားပါတယ်။ မူးရင်မမောင်းနဲ့ ဆိုတဲ့စကားကို အရေးထားဖို့ သိပ်လိုတယ်။ ကိုယ့်အပြစ်ကြောင့် အပြစ်မဲ့သူတွေ အသက်ဆုံးတဲ့အထိ ဒုက္ခရောက်ကြတယ်ဆိုတာ ရင်နာစရာပါပဲကွာ"

"အဲဒီလို အပြစ်ရှိသူတွေကို အပြစ်ပေးတော့ကော နောင်ကာလမှာ အခြေအနေ ကောင်းလာမှာတဲ့လား။ အပြစ်ပေးဖို့ ဆိုလိုတာ မဟုတ်ပါဘူး။ တရားဥပဒေအရ အပြစ်ပေးတာကို မကန့်ကွက်ပါဘူး။ ဒါပေမဲ့ နောက်လူတွေမှာ ဒီလိုပြစ်မှုမျိုး မကျူးလွန်ရအောင် သတိတရား ရှိမှာလား။ ရှိတန်သလောက်တော့ ရှိမှာပေါ့။ ဒါပေမဲ့ မိုက်မဲသူတွေက စည်းကမ်းလိုက်နာတဲ့ အကျင့် ပြုစုကြမှသာ အဲဒီလို မဖြစ်သင့်တဲ့ အဖြစ်ဆိုးကြီးမျိုး မဖြစ်ဘဲ အားလုံး ချမ်းသာဖို့ ဖြစ်မှာပေါ့"

"အရေးပါတာက တာဝန်သိစိတ် ပျိုးထောင်ပြုစုရေးပဲပေါ့။ တာဝန်မဲ့တော့ စည်းမဲ့ကမ်းမဲ့ လုပ်ကြတာပေါ့။ ဟုတ်ပါတယ်။ ကံအကြောင်းတရားကတော့ အကြောင်းတရားပေါ့။ ဒါနဲ့တင် မပြီးသေးဘူး။ တာဝန်သိဖို့ စည်းကမ်းရှိဖို့က အခု ပစ္စက္ခမှာ အရေးကြီးတယ်။ တတ်နိုင်သမျှ စည်းကမ်းလိုက်နာ ဆောင်ရွက်ပါလျက်နဲ့ မရှောင်မလွှဲသာဘဲ ဖြစ်ရတယ်ဆိုရင်တော့ ခွင့်လွှတ်နိုင်မှာပါ"

"အထူးသဖြင့် ယာဉ်မောင်းသူတို့မှာ တာဝန်သိစိတ် အပြည့်အဝရှိဖို့ လိုအပ်တယ်။ အခုလို မူးပြီး မောင်းတာမျိုးကို ထားဦး။ ခရီးမထွက်ခင် ယာဉ်ကို စေ့စေ့စပ်စပ်စစ်ဆေးပြီး လိုအပ်သမျှကို ဖြည့်ဆည်းဖို့၊

mgyoe.com

mgyoe.com

ပြင်စရာရှိတာကို ပြင်ဖို့၊ အားလုံး ချွတ်ယွင်းချက် ချို့တဲ့မှုဆိုလို့ နည်းနည်းမျှ မရှိဘဲ စိတ်ချရမှ ယာဉ်ကို မောင်းသင့်တယ်"

"အဲဒီလို တာဝန်သိစိတ်ရှိပြီး၊ အစစအရာရာ လိုလေသေးမရှိအောင် စိစစ်တတ်တဲ့အကျင့်ဟာ မရှိမဖြစ်တဲ့ အချက်ပဲ။ ဒါနဲ့ ပြောရဦးမယ်။ ငါတို့အဖွဲ့ ဟောင်ကောင်က ရန်ကုန်အပြန် လေယာဉ်စထွက်ပြီး ၁၀ မိနစ်လောက်အကြာ လေယာဉ်လမ်းကြောင်းက ကောင်းကင်တက်ခါနီး ဗြိတိသျှ လေယာဉ်ကြီးဟာ ရပ်ပြီး အကြာကြီး ဘာလုပ်နေသလဲတော့ မသိပါဘူး။ တစ်ခုခု လုပ်နေတာပဲ ဖြစ်ရမယ်ပေါ့။ နောက်တစ်နာရီလောက် သတ်မှတ်တဲ့အချိန်ထက် နောက်ကျပြီးမှ ပျံတယ်။ ရန်ကုန်ဆင်းခါနီးလောက်မှာ လေယာဉ်မှူးထွက်လာပြီး ငါတို့နဲ့ စကားပြောတယ်။ ငါက ကြန့်ကြာသွားတဲ့အကြောင်း မရဲတရဲနဲ့ မေးကြည့်လိုက်တယ်။ လေယာဉ်မှူးက ခလုတ်ကလေးတစ်ခု နည်းနည်းချောင်လို့တဲ့။ ပျံလို့တော့ ရပါတယ်တဲ့။ ဒါပေမဲ့ သေချာအောင် စိစစ်ပြီး တခြားအစိတ်အပိုင်းတွေ အပြည့်အစုံကောင်းပြီး အဲဒီခလုတ်ကလေး ချောင်တာ တွေ့ရလို့ ကျပ်အောင်လုပ်ရလို့ တစ်နာရီလောက်အချိန် နောက်ကျသွားတာပါတဲ့"

"အေး ... အဲဒီလို သေချာမှပေါ့။ ရပါတယ် ... ရပါတယ်ဆိုပြီး ချွတ်ယွင်းချက်က အသေးအဖွဲလေးပဲလို့ သဘောထားပြီး မောင်းလို့ လေယာဉ်ပျက်ကျတဲ့ သာဓကမျိုး ကြားဖူးပါတယ်။ တော်သလို လျော်သလို လုပ်လို့ ဒုက္ခရောက်ကြတာတွေ အများကြီးပါ။ ခလုတ်ကလေး မသိမသာ ချောင်တာနဲ့ စက်အစိတ်အပိုင်းတွေ အားလုံးကို စိစစ်ပြီး ခလုတ်ချောင်တာသာ ချွတ်ယွင်းချက်ပဲလို့ သေချာတော့မှ ပြန်ကျပ်ပြီး ပျံတက်တဲ့ လေယာဉ်မှူးကို ကျေးဇူးတင်ရပေမယ်"

"လူ့ရဲ့တန်ဖိုးဟာ စည်းကမ်းရှိမှု၊ တာဝန်သိတတ်မှုအပေါ်မှာ တည်

mgyoe.com

တယ်။ စည်းကမ်းမဲ့ လုပ်တဲ့သူတွေဟာ ကြာရှည် မခံပါဘူး။ မကြာခင် ဒုက္ခတွေ့ကြရမှာ သေချာတယ်။ လူမျိုးတစ်မျိုးကို လေ့လာချင်ရင် မြို့ထဲက လမ်းမကြီးမှာ လျှောက်ကြည့်ပြီးတော့ မြို့စွန်က လမ်းတွေ လျှောက်ကြည့်။ အဲဒီ လူမျိုးရဲ့ စရိုက်ကို ရိပ်စားမိနိုင်တယ်။ လမ်းမကြီးပေါ်မှာ တော့ စည်ပင်သာယာဝန်ထမ်းတွေက အမြဲသန့်ရှင်းရေးလုပ်လို့ ပြောင်ရှင်းနေလိမ့်မယ်။ မြို့စွန်မြို့ဖျားရောက်တော့ လမ်းပေါ်မှာ အမှိုက်တွေ အညစ်အကြေးတွေ ရှိတာ တွေ့ရမယ်။ တချို့နိုင်ငံတွေမှာတော့ မြို့ပိုင်းကို ကြည့်ကြည့်၊ တောပိုင်းကိုပဲကြည့်ကြည့် သန့်ရှင်းနေတာ တွေ့ရလိမ့်မယ်။ တချို့ကလေးတွေ ကစားရင်၊ အမှိုက်တွေ လမ်းဘေး ပလက်ဖောင်းမှာ ပစ်ထားတာတွေ့ရင် လမ်းလျှောက်လာတဲ့ လူတချို့က ကောက်ပြီး အမှိုက်ပုံးမှာ ထည့်လိုက်ကြတယ်"

"ဟုတ်တာပေါ့ကွာ။ အဲဒီလို အသေးအဖွဲကိစ္စလေးတွေမှာ ဇာတိရုပ်ပေါ်တာပေါ့။ လူတိုင်းမှာ တာဝန်သိစိတ်ရှိအောင် ပျိုးထောင်ရာမှာ လူမမည်အရွယ်ကတည်းက အိမ်မှာ မိဘတွေက သင်ကြားလေ့ကျင့်ပေးရမယ်။ ကျောင်းရောက်တော့ ဆရာ ဆရာမတွေက ဆက်ပြီး နေ့စဉ်နဲ့အမျှ ဆက်ပြီး သင်ကြားလေ့ကျင့်ပေးရမယ်။ ကြိမ်းမောင်းဆူပူရင် မတတ်တဲ့အပြင် ပိုဆိုးမယ်။ နားဝင်အောင်ပြောပြပြီး လက်တွေ့လုပ်ခိုင်းဖို့လိုတယ်။ စည်းကမ်းရှိမှု၊ တာဝန်သိမှုတွေဟာ မွေးရာပါ စိတ်ထားမျိုး မဟုတ်ဘူး။ သင်ပြလေ့ကျင့်ပေးမှရတဲ့ အလေ့အကျင့်မျိုးကွ။ တို့တစ်တွေ စည်းကမ်းရှိဖို့၊ တာဝန်သိဖို့လိုတယ်။ စည်းမဲ့၊ ကမ်းမဲ့၊ တာဝန်မဲ့ လုပ်နေကြသမျှ ပြဿနာတွေ အပြိုင်းအရိုင်း ပေါ်မှာပဲ။ တိုးတက်မှုက နောက်ဆုတ်သွားလိမ့်မယ်။ အဲဒါကို အလေးအနက် သတိပြုဖို့လိုတယ်"

❋

mgyoe.com

mgyoe.com

# ဒီတစ်ခါတော့ တိရစ္ဆာန်အကြောင်း ပြောကြမယ်

"လာပြန်ပြီဟော့ ... ဖိုးတက်တိုးရေ ..."

"ငါသိပါတယ်။ မင်းစကားတွေ ဖောင်လောက်အောင် ပြောတော့မလို့ မဟုတ်လား"

"ဟုတ်တာပေါ့ သူငယ်ချင်းရာ။ ငါ ဒီတစ်ခါ ပြောမှာကတော့ ခွေးအကြောင်းကွ ...။ ခွေးအကြောင်း"

"ဟေ ... မင်းက ခွေးစကားပြောတော့မလို့လား။ မင်း လူ့ဘဝက စုတေစိတ်ကျပြီး နောက်ဘဝမှာ ခွေးဖြစ်တော့ ခွေးစကားပြောပေါ့။ အခု စောပါသေးတယ်"

"မင်းကလည်းကွာ ... ငါလို သူတော်ကောင်း သီလ သမာဓိနဲ့ နေတဲ့သူဟာ ဘယ်ခွေးဘဝ ရောက်မှာလဲ။ ငါဆိုလိုတာက ငါ မင်းကို ခွေးနဲ့ပတ်သက်တဲ့ စကားတွေ အများကြီး ပြောချင်တယ်"

"အဲဒီလိုဆိုတော့လည်း ပြောပေါ့။ ခွေးစကားပြောသလားလို့ လူတွေ ရန်ဖြစ်တဲ့အခါ ပြောတာမျိုးလားလို့ပါကွာ"

"အေး ... လူတွေ ရန်ဖြစ်တဲ့အခါ တစ်ယောက်ရဲ့စကားကို လက်

mgyoe.com

mgyoe.com

မခံချင်ရင် မခံချင်အောင် မင်းကဘာလဲ။ ခွေးစကားပြောတာလား။ ဟော့ ... ငါကလူကွ။ မင်းကို ခွေးစကားပြောတာကို မခံနိုင်ဘူးလို့ ပြောတာမျိုးနဲ့ ပတ်သက်လို့ ပြောရဦးမယ်။ တချို့လူတွေဟာ သူတစ်ပါးကို စော်ကားမော်ကား ပြောတာတွေ မင်း ကြားဖူးမှာပေါ့။ အဲဒီလို ပြောတာဟာ တကယ်တော့ ခွေးစကားပြောတဲ့ သဘောပဲပေါ့။ တကယ့်ခွေးက စကားမပြောတတ်ဘူး။ ဟောင်ရုံပဲ ဟောင်တတ်တယ်။ လူကတော့ တစ်ဖက်သား နစ်နာအောင် အယုတ္တ အနတ္တတွေ ဆဲရေးပြောဆိုတယ်။ အဲဒါဟာ ခွေးဟောင်သံထက်ပိုပြီး ကျက်သရေ မမဲ့ဘူးလား။ မင်းစဉ်းစားကြည့်။ ခွေးက လူစကား မတတ်ဘူး။ လူယုတ်တွေက ခွေးဟောင်တာထက် ပိုဆိုးတဲ့စကား ပြောတာကွ"

"ဟော့ ... ဖိုးစော။ မင်းဘာဖြစ်လာသလဲ။ တစ်ယောက်ယောက်က မင်းကို ခွေးစကား ပြောလွှတ်လိုက်ပြီ ထင်တယ်"

"ဒါ ထားလိုက်ပါ။ ငါပြောချင်တာက ခွေးကို လူတွေက တိရစ္ဆာန်တွေထဲမှာ အဆင့်အနိမ့်ဆုံး။ အယုတ်အညံ့ဆုံးလို့ သဘောထားကြတယ်။ ဒါပေမဲ့ တချို့လူတွေဟာ ခွေးထက် စိတ်ထားယုတ်ညံ့တဲ့ဘဝ ရောက်နေတယ်ဆိုဦးတော့ လူတချို့လို မယုတ်မာဘူးကွ"

"အင်း ... မင်းပြောတာ ငါထောက်ခံပါတယ်။ ခွေးက မယုတ်မာတတ်ဘူး၊ လူကတော့ ယုတ်မာတတ်တယ်"

"မှန်တယ် သူငယ်ချင်း။ ခွေးတွေ လူတချို့ထက် ပိုပြီး လူ့အပေါ်မှာ သစ္စာရှိတတ်တယ်။ ဟုတ်ပါတယ်။ လူတွေထဲမှာ လူယုတ်မာတွေ ရှိသလို ခွေးထဲမှာလည်း အစာကျွေးတဲ့လက်ကို ကိုက်တတ်တဲ့ခွေးမျိုး ရှိတာပေါ့။ ဒါပေမဲ့ နည်းပါသေးတယ်။ ခွေးက အစာကျွေးတဲ့လက်ကို မကိုက်ပါဘူး။ အစာကျွေးတဲ့ ကျေးဇူးရှင်အပေါ် ကျေးဇူးသစ္စာ ရှိကြပါတယ်"

mgyoe.com

"ဒါတွေ ဟုတ်တယ်ကွ။ ခွေးက သူ့ထမင်းရှင်ကို အသက်နဲ့လဲပြီး စောင့်ရှောက်ကာကွယ်တဲ့ သာဓကေတွေ ရှိတယ်။ ပြီးတော့လည်း တစ်လုပ်ကျွေးဖူး သူ့ကျေးဇူးဆိုတာလို သနားလို့ ကျွေးမွေးစောင့်ရှောက်တဲ့ လူအပေါ်မှာ သံယောဇဉ်ကြီးတယ်။ မင်းလည်းသိသားပဲ။ ဂျပန် တိုကျို မြို့မှာ ရှိဘူးယား ရထားဘူတာရုံရှေ့မှာ ခွေးရုပ်ကလေးထားတယ်။ တို့တစ်တွေက ခွေးရုပ်ဘူတာလို့ အဲဒီဘူတာကို ခေါ်ကြတယ်လေ"

"သိတာပေါ့။ မင်းတို့ ငါတို့ ရောက်သွားတုန်းက အဲဒီ ခွေးရုပ် ဘူတာရှေ့မှာ ချိန်းတွေ့ပြီး စကားစမြည် ပြောကြတာလေ။ အဲဒီ ခွေး ရုပ်ကလေး ကိုယ်စားပြုတဲ့ ခွေးကလေးဟာ သူ့သခင်ကို ညနေတိုင်း ဘူတာမှာ လာလာကြိုတာ၊ တစ်နေ့တော့ သူ့သခင် ကျောင်းဆရာ သေ သွားတယ်။ သူကတော့ သူ့သခင်သေတယ်ဆိုတာ ဘယ်သိမလဲ။ ညနေ ကျရင် ဘူတာရှေ့မှာ စောင့်မျှော်ကြိုနေတယ်။ ခရီးသည်တွေ ရှင်းသွား သည် အထိ သူ့သခင်ကို စောင့်လို့။ ဘယ်သူမှမရှိမှ အိမ်ကို စိတ်ပျက် လက်ပျက်နဲ့ ပြန်တယ်တဲ့။ အဲဒီလို နေ့စဉ်နေ့တိုင်း ကြိုတဲ့ခွေးကလေးဟာ နောက်ဆုံးမှာ ဘူတာရှေ့မှာပဲ နှင်းတောထဲမှာ ခွေခွေလေး သေရှာတယ်။ အဲဒါနဲ့ လူတွေက သူ့ရဲ့ ကျေးဇူးသိတတ်မှု၊ သံယောဇဉ်ကြီးမှုကို ဂုဏ် ပြုတဲ့အနေနဲ့ သူ့ရုပ်တုကလေး ထားကြတယ်"

"အဲဒီလို တကယ့်အဖြစ်အပျက်မျိုးတွေ အတော်များများရှိပါတယ်။ မဂ္ဂဇင်းတွေထဲမှာ ဖတ်မိပါတယ်"

"ဒါကြောင့် ငါပြောတာပေါ့၊ ခွေးဟာ လူတချို့ထက် သစ္စာရှိတယ်။ ကျေးဇူးသိတတ်တယ်။ လူကတော့ ကျေးဇူးရှိမှ ကျေးစွပ်တယ်၊ ဒါနဲ့ ခွေးစကား ဆက်ပြောရဦးမယ်"

"ပြောပါ ... ပြောပါ"

"ငါက စကားသာများတတ်တာ၊ မင်းလို စာမရေးတတ်ဘူး။ ငါသာ

mgyoe.com

mgyoe.com


မင်းလို စာရေးတတ်ရင် ခွေးအကြောင်း စာအုပ်တစ်အုပ်ဖြစ်အောင် ရေးလိုက်ချင်ပါရဲ့"

"ရေးလေကွာ ... ခွေးဋီကာမျိုးလို စာပေအရာဝင်မှာပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွာ။ ငါ့အကြောင်း ငါသိပါတယ်။ ဘွဲ့ရသူတိုင်း စာရေးဆရာ မဖြစ်ပါဘူး။ ဘွဲ့ရတာ မရတာ အရေးမဟုတ်ပါဘူး။ သူ့ပါရမီနဲ့ သူလာတာပဲ။ ငါကတော့ ရုံးစာလောက်ပဲ ရေးတတ်တာပါ"

"ကဲ ... ထားပါဦး။ မင်းက ခွေးအကြောင်း ဘာတွေ ပြောချင်သေးသလဲ"

"ခွေးအကြောင်း နိုင်ငံခြား စာနယ်ဇင်းတွေမှာ အများကြီး ရေးပြီးပါပြီ။ ငါက ငါတွေ့တဲ့ ခွေးတချို့အကြောင်း နည်းနည်းပြောပြချင်တာပါ။ မင်းက စာရေးဆရာမို့ ခွေးအကြောင်း အခါသင့် အခွင့်သာတဲ့အခါမှာ ဆောင်းပါးတွေထဲ ထည့်ရေးချင်ရေးပေါ့"

"ကဲပါ ... ပြောစမ်းပါဦး"

"ငါ မနက်တိုင်း လမ်းလျှောက်တယ်။ ပြီးတော့ ပလက်ဖောင်းပေါ်မှာ ချရောင်းတဲ့ စာအုပ် အဟောင်းအစုတ်တွေထဲက ငါမဖတ်ရသေးတဲ့ စာအုပ်တွေ ဝယ်လေ့ရှိတယ်။ ဗိုလ်ချုပ်လမ်းတစ်လျှောက် ဗိုလ်ချုပ်ဈေး ပတ်ဝန်းကျင်လျှောက်တာ များပါတယ်။ အဲဒီမှာ ခွေးနက်ကြီးတစ်ကောင် စာအုပ်တွေချထားတဲ့နေရာနားမှာ ခွေခွေလေးအိပ်နေတာ တွေ့ရတယ်။ အဲဒီခွေးက အမျိုးညံ့တဲ့ ခွေးလေလို့ ခေါ်ကြတဲ့ ပိုင်ရှင်မဲ့ခွေးပါ"

"ဆိုပါဦး"

"စာအုပ်အဟောင်းရောင်းတဲ့ သူငယ်ကလေး ဘေးနားမှာ အမြဲတွေ့ရတယ်။ ဒါနဲ့ ငါက မောင်ဟန်ဝင်းကို အဲဒီခွေးအကြောင်း မေးကြည့်တယ်။ ထူးထူးခြားခြားရယ်လို့တော့ မဟုတ်ပါဘူး။ အဲဒီခွေးကို

mgyoe.com

mgyoe.com


အဲဒီနားက လူတွေက ငမည်းလို့ ခေါ်ကြတယ်။ မောင်ဟန်ဝင်းက မနက်တိုင်း သူ့ကို လက်ဖက်ရည်တစ်ခွက်နဲ့ ပေါင်မုန့်တစ်ချပ်ကျွေးတယ်။ သူက လက်ဖက်ရည်ဆမ်းထားတဲ့ ပေါင်မုန့်ကိုမှ စားတယ်။ တခြားမုန့်တွေ ကျွေးလည်း မစားဘူး။ ပေါင်မုန့်၊ ဒါမှမဟုတ် အီကြာကွေးကို လက်ဖက်ရည်ဆမ်းပေးမှ စားတယ်။ ပြီးတော့ လက်ဖက်ရည်သောက်ရမှ ကျေနပ်တယ်"

"အဲဒါ ဘာထူးဆန်းသလဲ"

"ငါပြောသားပဲ။ မထူးဆန်းပါဘူးလို့။ ငမည်းဟာ မနက်တိုင်း တစ်ဖက်က မီးရထားဝင်းထဲက ဝန်ထမ်းတန်းလျားမှာနေတယ်။ သူက အညစ်အကြေးဆိုလို့ ဘာမှ မစားဘူး။ စားစရာမရှိရင် ခွေအိပ်နေတယ်။ အိပ်တော့လည်း အနီးအနားမှာရှိတဲ့ အဝတ်စုတ်ဖြစ်ဖြစ်၊ စက္ကူချပ်ဖြစ်ဖြစ်ကိုဆွဲချီပြီး ခင်းအိပ်တယ်။ သဘောကောင်းသတဲ့။ အဲဒီနားကလူတွေက သူ့ကို ချစ်ကြတယ်။ သူကလည်း အဲဒီလူတွေကို ခင်နေတာပဲ။ မောင်ဟန်ဝင်း ဆိုင်မထွက်တဲ့နေ့များမှာဆိုရင် ဆိုင်ခင်းတဲ့နေရာမှာ အိပ်နေတယ်။ သူ့မျက်နှာကိုကြည့်လိုက်တော့ မျက်နှာမသာဘူး။ သူ့သခင် သူ့မိတ်ဆွေစာအုပ်အဟောင်းသည်ကလေးကို သတိရနေတဲ့ ပုံသဏ္ဌာန်ပဲ"

"ဒါပေါ့ကွာ။ ခွေးဟာ ကျေးဇူးသိတတ်တယ်။ တချို့လူတွေထက်ပိုပြီး ကျေးဇူးသိတတ်တာ အမှန်ပါပဲ"

"ဟုတ်တယ်သူငယ်ချင်း။ ငါ သူ့မျက်နှာကြည့်ရတာ သနားစရာပဲ။ အဲ ... မောင်ဟန်ဝင်းလည်း ရောက်လာရော သူ့မျက်နှာ ရွှင်လန်းလို့ ဖျတ်ဖျတ်လတ်လတ်နဲ့ ဟိုသွားလိုက် ဒီသွားလိုက်နဲ့ပေါ့။ အဲ ... ပြောရဦးမယ်။ ငါ့မိတ်ဆွေတစ်ယောက်က ပြောဖူးတယ်။ လူတွေဟာ အကျင့်ယုတ်တဲ့လူကို ခွေးကျင့်ခွေးကြံ ကြံတယ်လို့ အပြစ်ဆိုတတ်ကြတယ်။ အထူးသဖြင့် ကာမဂုဏ်ကိစ္စပေါ့။ ခွေးဆိုတာ ဖိုမစိတ်ပဲရှိတာ။ ဆင်ခြင်

mgyoe.com

mgyoe.com


တတ်တဲ့ညဏ် ဘယ်ရှိပါ့မလဲ။ ခွေးက ခွေးကျင့်ခွေးကြံ ကြံရင်တော့ မကောင်းဘူးပေါ့"

"ဟုတ်တာပေါ့ကွ။ လူက ယုတ်မာမယ်ဆိုရင် ယုတ်မာတတ်တာ ပေါ့"

"အဲ–မိတ်ဆွေက ပြောသေးတယ်။ ခွေးကျင့်ခွေးကြံဆိုတာကို အဓိပ္ပာယ်ဆိုးနဲ့ ညွှန်းတာ ထားလိုက်ပါ။ အဓိပ္ပာယ်ကောင်းနဲ့ ခွေးကျင့် ခွေးကြံ ကြံတယ်ဆိုတာလည်း ရှိသေးသတဲ့။ ဘာလဲဆိုတော့ ခွေးက သခင်အပေါ် သစ္စာရှိတယ်။ သခင်နဲ့ မိသားစု အိမ်ထောင်ကို နေ့ည မဟူ စောင့်ရှောက်တယ်။ ရန်သူလာရင် အသေခံပြီး ခုခံတယ်။ ခွေး ဘဝဟာ ယုတ်ညံ့တယ် ဆိုပေမဲ့ ခွေးဟာ ရိုးသားတယ်။ နည်းနည်းမှ မယုတ်မာဘူး။ ဒါကြောင့်မို့ ခွေးဟာ လူ့ရဲ့ အကောင်းဆုံးမိတ်ဆွေလို့ ခေါ်ကြတာပေါ့တဲ့"

❈

mgyoe.com

mgyoe.com

# လူကြီးနဲ့ လူငယ်၊ ဆရာနဲ့ တပည့်

"ကိုတက်တိုး၊ မတွေ့ရတာကြာလို့ လာဖြစ်အောင်လာခဲ့တာပဲ"

"ဟာ ... ဝမ်းသာတယ် ကိုထင်ကျော်၊ လူချင်းမတွေ့ကြရပေမဲ့ စာတွေ တွေ့ရတော့ ကျန်းမာချမ်းသာကြောင်း သိရပါတယ်"

"ခင်ဗျားစာတွေလည်း အများကြီး တွေ့ရတာပဲ။ ခင်ဗျား စာသိပ် ရေးနိုင်တာပဲနော်၊ ဝမ်းသာသဗျာ"

"စာရေးတာဟာလည်း အစွဲတစ်မျိုးပဲပေါ့။ ခင်ဗျားလည်း အသိ သားပဲ။ ကံကောင်းချင်တော့ ဒီအသက်အရွယ်အထိ လက်မတုန်ဘူး။ ဦးနှောက် ကြည်လင်လျက်ပဲ။ အဲ ... တစ်ခုတော့ ရှိသဗျ။ မေ့တတ်တာ ကိုတော့ ရှောင်လို့မရဘူး။ တစ်နေ့က ကျွန်တော် ကွမ်းခြံကုန်း နေရှင် နယ်ကျောင်း စိန်ရတုသဘင်ကို သွားတယ်။ နေရှင်နယ်ကျောင်း ဆရာ ကြီး ဦးစိန်ထွန်းနဲ့ တွေ့တယ်။ သူက အခု ရှစ်ဆယ့်ကိုးနှစ်ရှိပြီ။ ကျန်းမာ တယ်။ သိပ်ကျန်းမာတာပဲ။ ကြံ့ကြံ့ခိုင်ခိုင်ကြီးပဲ။ ပြီးတော့ သူ့တပည့် တွေ အများကြီးက သူ့ကို လာနှုတ်ဆက်ကြတယ်။ သူတို့က ကျွန်တော် ဘယ်သူပါလို့ စမပြောခင်မှာဘဲ သူ့နာမည်ကို ဆရာကြီးက စခေါ်တယ်။

mgyoe.com

mgyoe.com


ကျောင်းဆရာဆိုတာ တပည့်တွေများတယ်လေ။ အချိန်ကြာကြာ မတွေ့ကြရရင် တပည့်နာမည်တွေ မမှတ်မိကြတာ များတယ်။ ဆရာကြီးကတော့ သူ့ဆီ လာနှုတ်ဆက်တဲ့ တပည့်တွေ အားလုံးရဲ့ နာမည်ကို မှတ်မိတယ်၊ သူကစပြီး နာမည်ခေါ်ပြီး နှုတ်ဆက်တယ်"

"အဲဒါဟာ ရှေးကုသိုလ် ကောင်းလို့ပေါ့။ ခင်ဗျားတို့ ကျွန်တော်တို့ ရှစ်ဆယ် မရောက်သေးဘူး။ ခုနစ်ဆယ်လောက်ကစပြီး လူတွေရဲ့နာမည် မေ့တာ ဖြစ်ဖြစ်လာတယ်။ အဲဒါ ဇရာရဲ့ သဘာဝပဲဗျ"

"မှန်ပါတယ်။ ဇရာကို အသက်ရှင်နေရင် ရှောင်လို့မရဘူး။ ဇရာ ဒုက္ခ ခံစားရမှာပဲ။ အဲဒီတော့မှပဲ ကိုယ့်ကိုယ်ကိုယ် ကိုယ်မပိုင်ဘူးဆိုတာ သဘောပေါက်တယ်။ အနတ္တတရားကို မြင်ပါတော့တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မိဘ ဘိုးဘွားတို့က ကျွန်တော်တို့ကို ပြောတာကိုး။ မင်းတို့ အသက်ကြီးလာရင် လူ့ဘဝအကြောင်း သိလာမယ်။ အဲဒါကို လိမ်လိမ်မာမာ သုံးသပ်နိုင်မယ်ဆိုရင် တရားရကြမယ်။ ကြီးလေဆိုးလေ ကြီးလေ မိုက်လေဆိုတဲ့ လူတွေတော့ သွားပြီပေါ့လို့ ဆိုကြတယ်"

"ဟုတ်တာပေါ့ဗျာ။ လူတွေဟာ ကိုယ့်အသက်အရွယ်အလိုက် နေတတ်ဖို့လိုတယ်။ လူငယ်ဘဝမှာ လူငယ်ဘဝ သွက်သွက်လက်လက် လုပ်ကိုင် လှုပ်ရှားရတယ်။ ပညာရှာရတယ်။ စီးပွားရှာရတယ်။ လူလတ်အရွယ်မှာ စီးပွားဆက်ရှာပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစားကြ။ လူကြီးအရွယ်ရောက်ရင် လောကကြီးကို အမြဲကြည့်ပြီး ဆင်ခြင်သုံးသပ်ကြ။ အဲဒီလို ရှိရမှာပေါ့ဗျာ"

"ဟုတ်ပါတယ်။ ခင်ဗျားပြောသလို အနေမှန်သူတွေဟာ ကံပေးသမျှနဲ့ အေးအောင်နေတတ်ကြလို့ အသက်ကြီးအောင် နေရတဲ့အကျိုးရကြတာပေါ့။ ခင်ဗျားပြောသလိုပါပဲ။ ဒါပေမဲ့ ခင်ဗျားပြောသလို အသက်ကြီးလာရင် လောကကြီးကိုကြည့်ပြီး တရားယူတာတော့ ဟုတ်ပါပြီ။

mgyoe.com

mgyoe.com

ကျွန်တော်တို့လို လူမျိုးကျတော့ အလုပ် ဆက်လုပ်နေကြရသေးတယ်။ စာရေးဆရာဆိုတာ အိုလေ အတွေ့အကြုံတွေ ရလာလေ။ အတွေ့အကြုံဆိုတာ စာတွေ့ကိုယ်တွေ့တွေပေါ့။ ကြုံတွေ့ရတာတွေအားလုံးကို ဆင်ခြင်သုံးသပ်မှုရတယ်။ အကြောင်းခြင်းရာတွေကို စိစစ်ဝေဖန်သုံးသပ်မှ ဘဝပညာ ပေါ်ထွန်းလာမယ်။ လူငယ်တွေ လူလတ်တွေလည်း အတွေ့အကြုံတွေ များတာပေါ့။ ဒါပေမဲ့ ငယ်ရွယ်သူတွေသဘာဝ ရှေ့သို့ ရှေ့သို့ ဆိုသလို ရှေ့ကိုသာ အာရုံစူးစိုက်တယ်။ နောက်ပြန်မကြည့်ကြဘူး"

"ဟုတ်တာပေါ့၊ ဘဝမှာ ကြာကြာနေပြီးမှ ဘဝအဓိပ္ပာယ်ကို ရှာတတ်မှာပေါ့။ အဲဒီလိုမှ ဘဝအဓိပ္ပာယ်ကို မသိဘဲ တစ်သက်လုံး မူးတူးမင်ထင် နေသွားရင် နေရကျိုး ဘယ်နပ်မလဲ၊ အဲဒါကြောင့် ကျွန်တော့်အမေက ပြောတာ။ မင်းတို့ အသက်ရှည်ရှည် နေရမှ လူ့အကြောင်း လူ့ဘဝအကြောင်း ကောင်းကောင်းသိမယ်လို့ ဆိုတယ်"

"အဲဒီလို အသက်အရွယ်နဲ့လိုက်ပြီး အတွေးအမြင်တွေ ရင့်ကျက်တော့မှ ရတယ်။ ဘဝပညာဟာ ဘယ်တက္ကသိုလ်မှာမှ သင်လို့မရဘူး။ ဘဝတက္ကသိုလ်မှာသာ သင်ယူတတ်ရင် ရမယ်။ မသင်ယူတတ်ဘူး၊ မသင်ယူချင်ဘူး၊ မိုက်လက်စနဲ့ ဆက်မိုက်ချင်တယ်ဆိုရင်တော့ မရတော့ဘူးပေါ့။ ကျွန်တော်တို့ စာရေးဆရာတွေဟာ အသက်ကြီးအောင် နေကြရရင် ဘဝပညာပါတဲ့ စာမျိုးတွေ ရေးကြရတာပေါ့။ ငယ်စဉ်က ငယ်မူငယ်သွေးနဲ့ ရေးတဲ့စာတွေကို ခေတ်ပြိုင်လူငယ်တွေက ကြိုက်ကြတယ်။ ရေးသူကငယ်၊ ဖတ်သူကလည်းငယ်ဆိုတော့ အံကိုက်ကြတာပေါ့။ အခုခေတ် လူငယ်စာရေးဆရာတွေနဲ့ လူငယ် စာဖတ်ပရိသတ်တို့ အံကိုက်ဖြစ်နေတာဟာ ဓမ္မတာပါ။ ကျွန်တော်တို့ သက်ကြီးရွယ်အိုတွေက သူတို့ဖတ်ချင်မှ ဖတ်မယ်။ သူတို့ထဲက ငယ်ငယ်နဲ့ ရင့်ချင်တဲ့ သူတွေကတော့ ဖတ်ကြမယ်။ အဲဒီ ဘဝပညာစာပေတွေ ရေးပေးပြီး သူတို့ကို ဘဝတက္ကသိုလ်

mgyoe.com

mgyoe.com


မှာ ဂုဏ်ထူးတန်းတက်နိုင်အောင် သင်ပြကြရမှာပေါ့"

"တစ်ခုတော့ရှိတယ်။ ဟိုတုန်းက ကျွန်တော်တို့ကိုယ်တိုင် လူငယ်ဖြစ်စဉ်က လူကြီးတွေကို သိပ်ပြီး ရိုသေတာပဲ။ လူကြီးတွေကို အလေးဂရုပြုတဲ့ လူငယ်တွေ အတော်များတယ်။ လူကြီးဆိုရင် ပထမဦးစွာ ကိုယ့်ဆရာတွေကို ကိုယ်ရိုသေကြတယ်။ အခုတော့ များသောအားဖြင့် ဆရာတွေကို ရိုသေမှု နည်းနေတယ်။ တချို့ကျောင်းသားတွေဆိုရင် ဆရာကို ပြောင်ပြောင် ကန္တကလုပ်တယ်လို့ ကြားရ သိရပါတယ်"

"အဲဒါလည်း တစ်မျိုးပေါ့။ ဒီအကြောင်းမှာ ဆရာတွေဘက်က ချွတ်ယွင်းချက်တွေ၊ ချို့တဲ့မှုတွေ ရှိသေးတယ်လို့ ဆိုချင်ပါတယ်။ ဆရာတချို့ (တချို့နော်၊ အားလုံးကို မဆိုလိုပါဘူး)။ ဆရာအချို့ဟာ ဆရာနဲ့ မတူကြဘူး။ ဆရာဂုဏ်နဲ့ မပြည့်စုံဘူး။ ကျောင်းသားတွေ ရိုသေအောင် မနေတတ်ဘူး။ အဲဒီလို အပြောခံကြရတယ်။ ကျွန်တော်တော့ သိပ်မသိပါဘူး။ ကြားကြားနေရတယ်။ ဆရာမတွေဆိုလည်း ဆရာ့ဂုဏ်ချို့တဲ့ကြတယ်။ ကျောင်းသူကျောင်းသားတွေအပေါ်မှာ စေတနာအစစ် မရှိဘူး။ စာသင်ပြီး ပြီးတာပဲ။ အဲဒီလို ပြောကြတယ်။ ကျွန်တော် ကြားရသိရသလောက်ဆိုလည်း အဲဒီ စွပ်စွဲချက်တွေ မှန်သင့်သလောက် မှန်တယ်။ ဆရာဆိုတာ သာမန်ဝန်ထမ်းလို မဖြစ်သင့်ဘူး။ တချို့ဆိုရင် ဆရာ မပီသဘူး။ ကိုယ်ပိုင်သိက္ခာနည်းတယ်။ သူတို့သဘောထားက စာသင်ပြီးရင် ပြီးရော။ အဲဒီလိုရှိတယ်။ အဲဒါတွေ ပြောရတာလည်း ဘယ်သူ့ကိုမျှ ထိခိုက်စေချင်လို့ မဟုတ်ပါဘူး။ စေတနာမှန်မှန်နဲ့ ထောက်ပြတဲ့သဘောပါ"

"ခေတ်တွေကလည်း ပြောင်းတာကိုး။ ကျွန်တော်တို့ဆီမှာသာ မဟုတ်ပါဘူး။ တခြား တခြားနိုင်ငံတွေမှာလည်း ဆရာတွေဟာ ရှေးခေတ်က ဆရာတွေလို ဝါသနာကြောင့် ဆရာဖြစ်ကြတာ မဟုတ်ဘူး။

mgyoe.com

mgyoe.com


လုပ်ငန်းသဘောမျိုးနဲ့ ဆရာ ဖြစ်ကြရတာပဲ။ ဝါသနာဆရာ၊ စေတနာဆရာ ဆိုတာ အတော်ရှားသွားပြီ။ ရှိတော့လည်း ရှိပါတယ်။ ဒီဆရာတွေဟာ အခုခေတ်မှာ ခေတ်နောက်ကျတယ်လို့ ယူဆရမလိုပါပဲ"

"ဒါတစ်ခုတော့ ရှိပါသေးတယ်။ ကျွန်တော်တွေ့သမျှကို ပြောတာပါ။ ငယ်ငယ်က ဆရာအပေါ်မှာ ဒီလောက် ဂါရဝမထားခဲ့ကြပေမဲ့ ကျောင်းကထွက်ပြီး သူတို့ကိုယ်တိုင် ကျောင်းသားမိဘ ဖြစ်လာတဲ့အခါကျတော့ ဆရာရဲ့ ဂုဏ်တွေကို သိမြင်လာကြတယ် ထင်ပါရဲ့၊ ဆရာဟောင်းကြီးတွေကို ရိုသေသမှု ပိုလာကြတယ်။ အရွယ်က သင်ကြားပေးတာလို့ ဆိုနိုင်ပါလိမ့်မယ်"

"ကျောင်းမှာတုန်းကတည်းက နှစ်စဉ် ဆရာကန်တော့ပွဲတွေ လုပ်ကြတာပဲ။ ကျောင်းမှာကတည်းက ဆရာကို ရိုသေရမယ်ဆိုတဲ့ အသိကလေးကို မွေးကြဖို့၊ လက်ခံကြဖို့ လိုပါတယ်။ တချို့ကတော့ ဒီလိုသိပ်မဟုတ်ဘူး။ ပြီးတော့လည်း ဆရာဘက်ကလည်း ကျောင်းသားတွေအပေါ်မှာ မေတ္တာစေတနာ ထားနိုင်သမျှထားပြီး ဆိုဆုံးမစရာ ရှိလာရင်လည်း ဆရာပီပီ ဆုံးမဖျောင်းဖျပေးတတ်ဖို့ လိုပေမယ်။ ဆရာရဲ့ အတတ်ပညာထဲမှာ စာသင်တတ်ရုံချည့် မဟုတ်သေးဘူး။ ကျောင်းသားတွေကို လိမ္မာယဉ်ကျေးပြီး လမ်းမှားမရောက်အောင် သွန်သင်ဆုံးမတတ်ဖို့လည်း လိုပါတယ်။ အဲဒီ အတတ်ပညာဟာ စာထဲချည်း ရနိုင်မယ် မဟုတ်ဘူးဗျ။ မိမိကိုယ်နဲ့စိတ်ကို အထူးပြုပြင်ပြီး စေတနာဆရာအဖြစ်ရောက်အောင် ကြိုးစားရမှာ ဖြစ်တယ်"

"ကဲ ... ကဲ ... ကျွန်တော်တို့ ဒီစကားရပ်ဖို့ အချိန်တန်ပြီ။ မတော်တဆ ဆရာတွေကြားသွားရင် ငါတို့ဆရာတွေကို သူတို့က ဆရာ လုပ်ချင်ကြတယ်လို့ ဆိုပြီး ဒေါကန်နေကြဦးမယ်"

❋

mgyoe.com

mgyoe.com

# ပညာမာန ပညာမာန ပညာမာန

"ကျွန်တော်တို့ကို ဆရာကြီး မှတ်မိကောင်းပါရဲ့"

"အို ... ဩော် ... အင်း ... လူတော့မှတ်မိပါတယ်။ နာမည်တွေတော့ ကောင်းကောင်း မမှတ်မိဘူးကွယ်။ ဆရာလည်း အသက်ကြီးသူတွေနည်းတူပေါ့။ မေ့တတ်တယ်"

"ကျွန်တော်တို့ဟာ တက္ကသိုလ်နည်းပြဆရာကလေးတွေပါ။ ပညာဆက်သင်ရင်း ငယ်သူတွေကို သင်ပြနေကြတာပါ"

"ကောင်းတာပေါ့။ ပညာဆိုတာ ယူလို့မကုန်၊ ပေးလို့လည်း မကုန်တဲ့ဟာပဲ။ စာသင်ရာမှာ ဆရာနဲ့ တပည့်တို့ဟာ ပူးတွဲ ဆောင်ရွက်ကြတာပဲ။ သင်ကြားပေးတာဟာ ပြန်လည် သင်ယူခြင်းပဲလို့ ရှေးပညာရှိတို့က ဆိုတယ်။ တကယ်တော့ ကိုယ်မသိတာ သူသိလို့ သူ့ကို မေးမြန်းမှတ်သားရင် သူဟာ ကိုယ့်ဆရာပဲပေါ့။ အမှန်မှာတော့ ဘယ်သူ ဘယ်ဝါမျှ အကုန်အစင်သိတယ်၊ တတ်တယ်လို့ မဆိုနိုင်ပါဘူး။ ဗဟုသုတဆိုတာ တစ်သက်တာ ဆည်းပူးရမယ့် ကိစ္စပေါ့။ များများသိလေလေ များများကြီး သိဖို့လိုလေလေ ဆိုသလိုပါပဲ။ ဒါပေမဲ့ အသက်ရလာတော့

mgyoe.com

mgyoe.com

အားလုံးသိဖို့ဆိုတာ မဖြစ်နိုင်တာကို သိမြင်လာတာမို့ အင်း ... ငါဘာမျှ မတတ်သေးပါကလားလို့ ညည်းတွားရင်း ဘဝစခန်း သိမ်းကြရတာ ပါပဲကွယ်"

"ဆရာကြီးပြောတာတွေ သဘောပေါက်ပါတယ်။ ဒါကြောင့်မို့ ပညာမာနဆိုတဲ့ စကားနဲ့ ပတ်သက်လို့ ဆရာကြီးရဲ့ အာဘော်ကို သိလို ပါတယ်ခင်ဗျား"

"ပညာမာန ... ပညာမာန ... ဆိုတဲ့စကား သုံးနေကြတာပဲ။ တကယ်တော့ ပညာရှိရင် မာနမရှိတော့ဘူးလို့ ဆရာမြင်တယ်။ ပညာဆိုတဲ့ စကားကို လွဲလွဲမှားမှား သုံးနေကြတယ်။ အသိအတတ်တို့နဲ့ ပညာဆိုတာ နဲ့ တခြားစီပဲ။ ဒါပေမဲ့ အားလုံးကို ပညာဆိုတဲ့စကားနဲ့ တွဲပြီး သုံးနေ ကြတယ်။ အများသုံးနေကြတော့လည်း တားလို့ ဘယ်ရမှာလဲ။ သုံးကြ ပေါ့"

"ဟုတ်ကဲ့ဆရာကြီး။ ဘာသာစကားမှာ အဲဒီလို လွဲမှားသုံးတာတွေ အတော်များများ ရှိပါတယ်။ တခြား ဘာသာစကားတွေမှာလည်း ကျွန်တော်တို့ဆီမှာလို လွဲမှားသုံးကြတာတွေ ရှိပါတယ်။ ဒါပေမဲ့ အသုံး များလာတော့လည်း လက်ခံကြရတော့တာပေါ့"

"အတတ်ပညာရှင်တွေဟာ သူတို့နဲ့ သက်ဆိုင်ရာ ဘာသာရပ်၊ လုပ်ငန်းရပ်တွေမှာ တတ်ကျွမ်းကြတယ်။ သူတို့ကို ပညာရှင်လို့ ခေါ် နေကြပေမဲ့ ပညာဆိုတဲ့ စိစစ်ဝေဖန် ဆင်ခြင်ပိုင်းဖြတ်ပြီး အမှားအမှန် ခွဲခြားသိမြင်တဲ့ သဘော ရှိချင်မှ ရှိမယ်။ အဲဒါကြောင့် သူတို့မှာ မာန ရှိကြတာပေါ့။ ပညာရှိဆိုရင် သူတော်ကောင်းတွေချည်းပဲလို့ဆိုရင် မမှား ပါဘူး။ သူတော်ကောင်းဆိုတဲ့ စကားသုံးလိုက်တော့ ဘာသာရေးအ ကြောင်း ပြောပြတယ်လို့ ဆိုကြမှာမဲ့။ ဒါပေမဲ့ မဟုတ်ပါဘူး။ ဘယ် ဘာသာရေးနဲ့ တိုက်ဆိုင် မဆက်စပ်ဘဲ စိတ်ထားသဘောထားကောင်း

mgyoe.com

mgyoe.com

ထားပြီး အမှန်ကိုမြင်တယ်။ မတရားတာတွေကို ရှောင်တယ်။ မေတ္တာတရား ပွားများတယ်။ အားလုံးကောင်းစားတာ ရှင်လန်းချမ်းမြေ့တာကို လိုလားတယ်။ အဲဒီ ပုဂ္ဂိုလ်ဟာ သူတော်ကောင်းပေါ့။ ဘယ်ဘာသာပဲ ကိုးကွယ် ကိုးကွယ် လူကောင်းတစ်ယောက် ဖြစ်တယ်"

"ဆရာကြီးပြောတဲ့ အတိုင်းပါပဲ။ ဥပမာ ကျွန်တော် ချက်ချင်း ထောက်ပြရရင် သိပ္ပံဆရာကြီး အိုင်းစတိုင်းဟာ လူကောင်းကြီးတစ်ယောက်ပေါ့။ သူတော်ကောင်း တစ်ဦးပေါ့။ သူ့မှာ မေတ္တာတရားရှိတယ်။ မာန်မာနကင်းတယ်။ တကယ်တော့ သူ့လို တကယ်ပညာရှိတွေဟာ မာန လုံးဝမကင်းတောင်မှ အလွန်နည်းကြတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

"မောင်ရင် ယုံကြည်တဲ့အတိုင်း ဆရာလည်း ယုံကြည်တာပဲ၊ ကြည်ညိုတာပဲ။ မင်းတို့ပြောတဲ့ ပညာမာနဆိုတာ ပညာရှိတွေမှာ မရှိပါဘူး။ ရှိလည်း ပညာရှိလို့ မခေါ်ထိုက်တော့ပါဘူး။ ပညာရှင် တချို့မှာရှိတယ်။ အတတ်ပညာရှင်တွေကို ဆိုလိုတယ်။ အတတ်ပညာရှင်တွေထဲကလည်း ပညာရှိတွေ ရှိတာပေါ့။ သာမန်လူတွေထဲမှာလည်း ပညာရှိတွေ ရှိတယ်။ ပညာရှိတိုင်း စာတတ်ရမယ်၊ အတတ်ပညာတတ်ရမယ်လို့ မဆိုလိုပါဘူး။ လယ်သမားကြီးတွေ အလုပ်သမားကြီးတွေထဲမှာ စိတ်ရင်းကောင်းတယ်။ မမှန်တာ မတရားတာ ဘယ်တော့မှ မလုပ်ဘူး၊ လောဘမကြီးဘူး။ ရိုးသားဖြောင့်မတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်"

"ဆရာကြီးပြောတာကို သဘောမပေါက်တဲ့ လူတွေ အများကြီးရှိမယ်။ ကျွန်တော်တို့တော့ သဘောပေါက်ကြပါတယ်။ ဆရာကြီး ဒီလိုပြောလိုက်တော့ ရှေးခေတ် အမေရိကန် စာရေးဆရာကြီး နသန်းနီယဲလ်–ဟောသွန်းရဲ့ သီ–ဂရိတ်–စတုံးဖေ့စ် ဆိုတဲ့ ဆရာကြီးဘာသာပြန်ထားတဲ့ ကျောက်မျက်နှာကြီး ဝတ္ထုတိုကို သတိရမိပါတယ်"

mgyoe.com

"ဟုတ်တာပေါ့။ အဲဒီ စာရေးဆရာကြီးက အဲဒီဝတ္ထုနဲ့ ပညာရှိနဲ့ ပညာရှင်ဆိုတာကို ခွဲခြားပြလိုက်တာပဲလို့ ဆရာယူဆတယ်။ ဝတ္ထုဇာတ်ကြောင်းကလေး ပြန်ပြီး အတိုချုပ် ပြန်ပြောပြီး ကြည့်ကြဦးစို့"

"ဟုတ်ကဲ့ဆရာကြီး။ ကျွန်တော်တို့လည်း ဟိုး–အတော်ကြာကြီးတုန်းက ဆယ်တန်းစာမေးပွဲအတွက် ပြဋ္ဌာန်းအင်္ဂလိပ်ဖတ်စာထဲမှာ ဖတ်ခဲ့ရတာပါ"

"တောင်ကြားဒေသတစ်ခုမှာ ရွာကြီးတစ်ရွာ ရှိတယ်။ ရွာသူရွာသားတို့ဟာ သူတို့ရွာနားမှာရှိတဲ့ ကျောက်တုံးကြီးတွေဟာ သဘာဝအားဖြင့် တည်နေကြရာမှာ ခပ်ဝေးဝေးက လှမ်းကြည့်လိုက်တော့ မျက်နှာပုံစံကြီးတစ်ခုဖြစ်နေတယ်။ ရွာသူရွာသားတို့ဟာ ရှေးခေတ်က ပြောခဲ့တဲ့ တဘောင်တစ်ခုအကြောင်းကို အစဉ်အလာပြောကြတယ်။ အဲဒီ ကျောက်မျက်နှာကြီးနဲ့တူတဲ့ မျက်နှာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး အဲဒီရွာသားတွေထဲမှာ ပေါ်ထွန်းလာလိမ့်မယ်။ အဲဒီပုဂ္ဂိုလ်ဟာ ပညာရှိကြီး ဖြစ်လိမ့်မယ်လို့ တဘောင်က ဆိုတယ်။ ရွာသူရွာသားတွေက အဲဒီပုဂ္ဂိုလ်ကို စောင့်မျှော်နေကြတယ်။ ဆရာလည်း အသေးစိတ်တွေ မေ့ကုန်ပါပြီ"

"ကျွန်တော်တို့လည်း သိပ်မမှတ်မိတော့ပါဘူး မှတ်မိသလောက်ဆိုရင် စီးပွားရေးပညာရှင်၊ နိုင်ငံရေးပညာရှင်တွေ၊ လူမှုရေးပညာရှင်တွေ အသီးသီးလာပြီး သူတို့ဟာ ကျောက်မျက်နှာကြီးလို မျက်နှာမျိုးရှိတယ်လို့ဆိုပြီး ပြိုင်ပွဲဝင်သလို ဝင်ကြတယ်။ ဒါပေမဲ့ ရွာသူရွာသားတွေက လက်မခံကြဘူး။ သူတို့ရွာမှာရှိတဲ့ လူငယ်တစ်ယောက်ဟာ သူ့လယ်တော အိမ်ကလေးကနေပြီး နေ့စဉ်နေ့တိုင်း ကျောက်မျက်နှာကြီးကို အချိန်ကြာကြာ ကသိုဏ်းရှုတယ်။ သူဟာ ကျောင်းပညာ ဟုတ်တိပတ်တိ မတတ်ပါဘူး။ စာတော့ အသင့်အတန် တတ်ပုံရပါတယ်။ တဖြည်းဖြည်းနဲ့ မိဘရိုးရာ လယ်ယာလုပ်ငန်းကိုပဲ လုပ်တယ်။ ဒါနဲ့ လူကြီးဖြစ်လာတော့

mgyoe.com

သူဟာ အရေးကြီးတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်တယ်။ နိုင်ငံမှာရှိတဲ့ ပညာရှင်များ၊ ခေါင်းဆောင်များက သူ့ဆီလာပြီး ပြဿနာတွေ တင်ပြတယ်။ သူက အမြင်ကြည်လေတော့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်တယ်။ ဒါနဲ့ တစ်နေ့မှာ ညနေစောင်း သူ့ဆီကိုလာတဲ့ ရွာသားတွေက သူ့မျက်နှာပေါ် နေရောင်ခြည်ကျတာ မြင်တော့ သူ့မျက်နှာဟာ ကျောက်မျက်နှာကြီးနဲ့ တထေရာတည်းပဲတဲ့။ အဲဒါကိုမြင်တော့ ရွာသားတွေက ကောင်းချီးသြဘာ ပေးကြသတဲ့။ အဲဒါလည်း ကျွန်တော် မှတ်မိသမျှ ပြောတာပါ။ အချက်ကလေးတွေ လွဲချင်လွဲမယ်။ အရင်းခံ အဓိပ္ပာယ်ကတော့ ဒီအတိုင်းပါပဲ"

"မောင်ရင် ဖြည့်ပြောလိုက်တော့ ဇာတ်လမ်းဖြောင့်သွားပါပြီ။ အတိအကျ သိချင်သူတွေကတော့ မူရင်းဝတ္ထုကို ဖတ်ကြည့်ပေါ့။ ဒီဝတ္ထုမှာပါတဲ့ အဆီအနှစ်ကတော့ လူ့လောကမှာ ထင်ရှားနေတဲ့ ပုဂ္ဂိုလ်တချို့ဟာလည်း သူလိုငါလိုတွေပါပဲ။ အညတရ လယ်သမားကြီးမှာတော့ ငယ်စဉ်ကတည်းက ရိုးရိုးသားသားနဲ့ ကိုယ်ကျင့်တရား ကောင်းခဲ့တယ်။ အဲဒီ သီလပေါ့။ ပြီးတော့ နေ့စဉ် ကျောက်မျက်နှာကြီးကို ကသိုဏ်းရှုတယ်။ အဲဒါ သမာဓိပေါ့ အဲဒီလို သီလ၊ သမာဓိရှိသူမှာ ပညာအလင်းရောင် ပွင့်တယ်။ သီလ၊ သမာဓိ၊ ပညာ အဲဒီသုံးမျိုးသော ဂုဏ်နဲ့ ပြည့်စုံသူဟာ ပညာရှိ သူတော်ကောင်းပေါ့။ အဲဒီလို ကောက်ချက်ချနိုင်ပါတယ်"

"ဆရာကြီး ပြောပြတော့မှ အဲဒီ ပုံပြင်ဝတ္ထုလေးရဲ့ အနှစ်သာရကို သိရပါတယ်ခင်ဗျာ။ ဟိုငယ်ငယ်တုန်းကတော့ စာမေးပွဲအတွက် ကျက်မှတ်တာပဲရှိတယ်"

"အေးကွယ် ဒီလိုပေါ့။ ဆရာတို့လည်း ငယ်ငယ်က ခပ်ပေါ့ပေါ့တွေး၊ ခပ်ရိုးရိုးမြင် ဆိုသလိုပေါ့။ အတွေးအခေါ် ရင့်သန်အောင် ကြိုးစား

mgyoe.com

လို့ ရင့်ကျက်တော့မှ အလိမ္မာစာမှာရှိ ဆိုတဲ့ စကားအတိုင်း စာကောင်း ပေမွန်တွေထဲက ပညာရတာပေါ့။ မင်းတို့လည်း ကြိုးစားပါ။ သဗ္ဗာရင့် လာသလောက် အမြင်ကြည်လင်ပါလိမ့်မယ်။ အဲဒါမှ ပညာရတာ"

"အတတ်ပညာရှင်တွေအကြောင်း ပြောရပါဦးမယ်။ ဆရာကြီး။ ကျွန်တော်တို့ တွေ့ရတဲ့ ကျွမ်းကျင်သူတွေ ပါရဂူတွေထဲက တချို့ (ကျွန်တော် တချို့လို့ ဆိုပါတယ်)။ တချို့ အင်မတန် မာနကြီးကြတယ်။ သူတို့ကို အားကိုးတကြီးနဲ့ ရောက်လာတဲ့ လူနာတွေ၊ အမှုသည်တွေကို သူတို့ရဲ့ ကျေးကျွန်လို မောက်မောက်မာမာ ပြောဆိုဆက်ဆံကြတယ်။ ခံရသူတွေက ပြောပြလို့ သိရတယ်။ ကြာတော့ကြာပါပြီ။ ကျွန်တော် တစ်ခါက ကျွန်တော့်မိတ်ဆွေ ရှေ့နေကြီးတစ်ယောက်ရဲ့ ရုံးခန်းရောက် သွားတယ်။ ရှေ့နေတွေ စုဝေးထားတဲ့ အဆောက်အဦဆိုတော့ တစ်စားပွဲ နှင့် တစ်စားပွဲ နီးနီးကပ်ကပ်ပေါ့။ ကျွန်တော်က ကျွန်တော့်မိတ်ဆွေကို ရင်းရင်းနှီးနှီးပြောဆိုနေတာ ကျွန်တော့်ကို အမှုသည်တစ်ယောက်မှတ်လို့ ကျွန်တော့်ရှေ့မှာ အနီးအနားက ရှေ့နေက ကျွန်တော့်မိတ်ဆွေကို အင်္ဂလိပ်လို ခင်ဗျားက အမှုသည်ကို ဒီလိုဆက်ဆံရင် ရောင့်တက်မှာ ပေါ့လို့ လာပြောတယ်။ ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကို အားနာ တာပေါ့။ ဟိုကိုယ်တော်ချောက ကျွန်တော် အင်္ဂလိပ်လို တတ်မှာ မဟုတ် ပါဘူးထင်ပြီး အင်္ဂလိပ်လိုရွတ်တာကို ကျွန်တော်က သူ့ကိုလှမ်းကြည့်ပြီး ငြိမ်နေလိုက်ပါတယ်။ သူကသာ မမှတ်မိတာ။ တကယ်တော့ သူနဲ့ ကျွန်တော်တို့ဟာ တက္ကသိုလ်ကို တစ်ချိန်တည်း ရောက်ခဲ့ကြတာပါ"

"အေးကွယ် ... မောင်ရင် ငြိမ်နေလိုက်တာ ကောင်းပါတယ်။ မိုက်တဲ့လူကို မိုက်တဲ့လူအလျောက် ဆက်ဆံရတယ်လို့ဆိုတဲ့ အဆို ရှိသားပဲ"

❊

mgyoe.com

mgyoe.com

# ကမ္ဘာကိုသိဖို့အရေး

"ဟော့ ... မင်းဆီမရောက်တာကြာလို့ လာခဲ့တာပဲ။ မင်း အားရဲ့လား"

"အားပါတယ်၊ မင်းလာရင်တော့ တစ်ခုခု ပြောမလို့ပဲ မဟုတ်လား။"

"အို ... ပြောတာတော့ ပြောမှာပေါ့။ ဒါပေမဲ့ အကြောင်းက မထူးပါဘူး။ မင်းတို့ စာရေးဆရာတွေ၊ ဂျာနယ်လစ်တွေ သိပြီးတဲ့ အကြောင်း ပါပဲ"

"ဆိုပါဦး"

"အခုတစ်လော တို့ ဂျာနယ်မဂ္ဂဇင်းတွေက နိုင်ငံတကာရေးရာတွေ အများကြီးပါတယ်။ အဲဒီလိုပါမှပဲ ရောင်းရသွက်တယ်။ ဒါကြောင့်မို့ အရင်က ဝတ္ထုတွေ ကဗျာတွေ ဦးစားပေးတဲ့ မဂ္ဂဇင်းတွေတောင်မှ နိုင်ငံတကာရေးရာတွေ ထည့်လာပြီ။ အဲဒါ ကောင်းတဲ့ လက္ခဏာလို့ ဆိုရမယ်လို့ ငါထင်တယ်"

"အဲဒါ ကောင်းတဲ့လက္ခဏာတစ်ရပ်ပေါ့ ဖိုးစောရာ။ ရသစာပေတွေလည်း လိုပါတယ်။ ရသစာပေဆိုတာ လူမျိုးရဲ့ ချိုမြိန်ဖွယ် အာဟာရ

mgyoe.com